ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့၊ (21-10-2014) (၈၀၀၀)

**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တူရင်မြို့တွင်း ကြည့်ရှုလေ့လာ မြန်မာလက်မှုအနုပညာပြပွဲ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

တူရင် အောက်တိုဘာ ၂၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အောက်တိုဘာ ၁၉ ရက် ညနေ ၃ နာရီခွဲတွင် တူရင်မြို့ရှိ ဗာနားရီးယားနန်းတော်သို့ သွားရောက်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။**

ဗာနားရီးယားနန်းတော်ကို ၁၆၇၅ ခုနှစ်တွင် တူရင်မြို့အနီး ဗာနားရီးယားရေးလီတွင် တည်ဆောက်ခဲ့ပြီး တော်ဝင်ဧည့်ဂေဟာတစ်ခုအဖြစ် ထင်ရှားသည်။ ၁၉၉၇ ခုနှစ်တွင် UNESCO ၏ ကမ္ဘာ့အမွေအနှစ်စာရင်းတွင် တော်ဝင်ဧည့်ဂေဟာများအနက် တစ်ခုအပါအဝင်ဖြစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှ စတင်၍ ကမ္ဘာလှည့်ခရီးသွားများနှင့် အများပြည်သူတို့ကို ကြည့်ရှုလေ့လာခွင့်ပြုခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တူရင်မြို့ အရှေ့တိုင်းအနုပညာပြတိုက်ရှိ မြန်မာလက်မှုအနုပညာပြခန်းတွင် အမှတ်တရဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)



WISCO WIN IRON & STEEL Co., Ltd.
ဆိုင်အမှတ်(၁) အမှတ်(၁၅)၊ ဘီ-၄၊ ရတနာသိင်္ဂီလမ်း၊ (၆၄)ရပ်ကွက်၊ စက်မှုဇုန် (၃)၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်မြို့။ ၀၁-၅၉၀၇၅၆
ဆိုင်အမှတ်(၂) အဆောင်(၁၃၂)၊ အခန်း(၁)၊ နီလာ(၄)လမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၀၁၄၆၇၂၊ ၀၁-၆၄၇၁၄၆
ကမ္ဘာ့အရည်အသွေးစံချိန်မီ သံထည်ပစ္စည်းအမျိုးမျိုးကို နိုင်ငံတကာမှ မှာယူတင်သွင်း၍မြန်မာနိုင်ငံတဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။




www.winiron-steel.com e-mail: info@winiron-steel.com Office Tel: 01-374980~2, 379617, 383742, 384734 09-5105768, 09-5042237

**ကြေးမုံစာတည်းရှုထောင့်** **၂၁-၁၀-၂၀၁၄၊ အင်္ဂါနေ့**

# လက်ဆေးခြင်း

“ခြေလက်မျက်နှာ ဆေးကြောပါ၊ ကျန်းမာသန့်ရှင်းရောဂါကင်း” ဟူသော မူလတန်းကလေးငယ်များ သံပြိုင်ညီညာသီဆိုနေကြ လင်္ကာလေး တစ်ပုဒ်မှာ စာသားတိုသလောက် ကလေးများဘဝလျှောက်လမ်းရာမှာ အထောက်အကူဖြစ်စေမည့် လင်္ကာလေးဖြစ်ပါသည်။ အဓိပ္ပာယ်ကိုလေ့လာ သိရှိပြီး လိုက်နာကျင့်ကြံပါက ကျန်းမာရေးအတွက် အကျိုးများစေမည့် ဘဝ လမ်းညွှန် လင်္ကာလေးလည်းဖြစ်ပါသည်။

“ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ” ဟု ဆိုရိုးရှိသည်။ အစာအိမ်သည် ပုံမှန်လည်ပတ်ကြေညက်နေသမျှ အစာဟောင်းများ အစာအိမ်ထဲမှာမရှိ သန့်ရှင်းနေလျှင် အကြင်သူအတွက် ကျန်းမာရေးဒေါင်ဒေါင်မြည်နေလိမ့်မည်။ သို့မဟုတ်ပါက စားသမျှအစာ မကြေညက်ပါလျှင် အစာအဆိပ် ဖြစ်လာပြီး အဆိပ်ခိုးများ ခေါင်းသို့ဆောင့်တက်ဒုက္ခပေးလာသည်။ ဤသို့ဖြင့် ဦးနှောက် မကြည်လင် မရွှင်မပျ လန်းဆန်းတက်ကြွမှုမရှိဖြစ်လာရပြီ။ ဝမ်းတစ်လုံး မကောင်းခဲ့၍ ခေါင်းခဲလာရပြီ။

ထိုနည်းတူ “လက်နှစ်ဖက်ကောင်း ခေါင်းမခဲ” ဟုလည်းဆို၍ရပါသည်။ အပူပိုင်း အီကွေတာရပ်ဝန်းဒေသနေ ပြည်သူများအားလုံးနီးပါး အစာစားလျှင် လက်ကိုအသုံးပြုကြသည်။ ထမင်းကိုလက်နှင့် ဆုတ်နယ်စားတတ်ကြသည်။ အစာစားသည့်လက် မသန့်ရှင်းခဲ့ပါလျှင် ရောဂါပေါင်းစုံအစာအိမ်သို့ စုပြုံဝင်ရောက်လာနိုင်သည်။ လက်ကို အစဉ်သန့်ရှင်းစေပါက မသန့်ရှင်းသော လက်ကြောင့်ဖြစ်သည့် ရောဂါများမှ ကာကွယ်ပြီးဖြစ်နေပါမည်။ အထူးသဖြင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါသည် တစ်ခေတ်တစ်ခါက ကုမရဘဲ အသေအပျောက် များပြီး “ကာလဝမ်းရောဂါ” ဟု အမည်ဆိုးနှင့် ထင်ရှားခဲ့သည့်ရောဂါ တစ်မျိုးဖြစ်သည်။ လက်ကိုဆပ်ပြာနှင့်စင်စင်ဆေးကြောသန့်စင်ပြီးမှ အစာစား ခြင်းဖြင့် ဤဝမ်းပျက်ရောဂါကို ၄၅ ရာခိုင်နှုန်းကာကွယ်ပေးနိုင်ကြောင်း သိရ သည်။

နောက်တစ်မျိုးမှာ လက်ဆေးခြင်းဖြင့် အဆုတ်ရောင်ရောဂါဖြစ်ပွားမှု၏ ၂၃ ရာခိုင်နှုန်းကို ကာကွယ်ပေးနိုင်ကြောင်း အထောက်အထားများအရ သိရသည်။ လက်ဆေးတာ ဘာခက်လို့လဲ၊ မေးစရာရှိသည်။ မခက်ပါ။ သို့သော် အလေ့အကျင့်၊ အစဉ်အလာမရှိက အလေးမထားတတ်ကြ။ ဤသို့ အလေ့အကျင့်ကောင်းများ မရှိကြသည်မှာလည်း မိမိတို့မိဘဆရာများ၏ အားနည်းချက်တစ်ရပ်ဖြစ်သည်ဟုဆိုလျှင် လွန်အံ့မထင်ပါ။ လောကတွင် “မရှိတာထက် မသိတာခက်” တတ်သည်။ မိဘများ ကျန်းမာရေးအသိအားနည်းမှု၊ ဆရာများ ကျန်းမာရေးအလေးမထားကြမှုမှ ကလေးများလက်ဆေးခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးအသိချို့ယွင်းလာခဲ့ရခြင်းဖြစ်သည်ဆိုလျှင် မှားမည် မထင်ပါ။ “လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ၊ မိနှင့်ဘ”ဆိုထားသလို မိဘသည် အိမ်တံစက်မြိတ်အတွင်းမှ ဆရာများဖြစ်သလို “အတတ်လည်း သင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ . . .” ဆိုသည့် ကျောင်း ပရဝဏ်အတွင်းမှ ဆရာများကလည်း **ကျင့်ဝတ်များနှင့် ညီမည်ဆိုလျှင် ပွဲပြင်ဆုံးမမှု၊ ဘေးရန်ဆီးကာမှုတွင် ဤ “လက်ဆေးခြင်း” သင်ခန်းစာ သည်လည်း အကျုံးဝင်သင်ကြားပေးရမည့် ကျန်းမာရေး သင်ခန်းစာကောင်း တစ်ရပ် ဖြစ်ပါသည်။**

ယခု Unilever Myanmar မှ ၂၀၁၄ ဇူလိုင်လမှ ၂၀၂၀ ပြည့်နှစ်အထိ ခြောက်နှစ်စီမံကိန်းဖြင့် ဝမ်းပျက်၊ ဝမ်းလျှော ရောဂါတိုက်ဖျက်ရေးကို ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိနေကြောင်း သိရသည်။ ရန်ကုန်မြို့၏ အထင်ကရ အထက်တန်း ကျောင်းကြီးတစ်ကျောင်းတွင် လက်ဆေးခြင်းပညာပေးလုပ်ငန်း ဆောင်ရွက် နေမှုကို ပုံနှင့်တကွ တွေ့လိုက်ရသည်။ သို့သော် ထိုကျောင်းတွင် ဤလက်ဆေး ခြင်းအသိကို ပေးသည်ထက် ထိုကျောင်းထက်အမှန် တကယ်လိုအပ်သည့် ရန်ကုန်မြို့၏ အစွန်အဖျား မြို့နယ် ကျောင်းများကို ဦးစားပေး ဆောင်ရွက် ပေးသင့်သည်။ လာလုပ်ပြီး ပြန်သွား၊ ပြီးလျှင် ယခင်အတိုင်းဆိုပါက ပွဲပြီး မီးသေ ဤလုပ်ရပ်မအောင်မြင်နိုင်ပါ။ “လုပ်ပြခြင်း” မျိုးမဟုတ်ဘဲ တကယ် လုပ်သင့်သည့် အလုပ်ကို အချိန်ပြည့် တာဝန်ယူနေသည့် ကျောင်းများ ရှိဆရာများနှင့် “လက်ပွန်းတတီး” ပူးပေါင်းနိုင်ပါမှ စီမံကိန်း ခြောက်နှစ် ကာလရည်မှန်းချက်ဖြစ်သည့် ကျောင်းသားထု သန်း ၂၀ ကျော်အား “လက်ဆေးခြင်း” အသိပညာပေးလုပ်ငန်းအောင်မြင် နိုင်မည်ဟု ကြေးမုံမှ ယုံကြည်ပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့၏ နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၀**

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို အောက်တိုဘာ ၈ ရက်မှ ၁၂ ရက် အထိ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ၌ ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အောက်တိုဘာ ၁၀ ရက်က ကျင်းပသည့် အပြည်ပြည် ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်ဂါဗနာများ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ကမ္ဘာ့စီးပွားရေးအခြေအနေအပေါ် သုံးသပ်ချက်၊ ကမ္ဘာ့ စီးပွားရေး တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ် တို့၏ အခန်းကဏ္ဍအပေါ် သုံးသပ်ချက်၊ ကမ္ဘာ့ဘဏ်အုပ်စု ၏ **“ဆင်းရဲမှုလျှော့ချရေးနှင့် အကျိုးစီးပွားမျှဝေခံစားရေး ရည်မှန်းချက်များ”** အပေါ် မြန်မာနိုင်ငံ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးကဏ္ဍ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၈ ရက်တွင် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီမှ အမှုဆောင်အကြံပေးပုဂ္ဂိုလ် Mr.Keiichiro Nakazawa နှင့်အဖွဲ့အား လည်းကောင်း၊ အောက်တိုဘာ ၉ ရက်တွင် အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့ ပူးတွဲကျင်းပသော အရှေ့တောင်အာရှနိုင်ငံများ မဲပေးအုပ်စု ဂါဗနာများအစည်း အဝေးသို့ လည်းကောင်း၊ အောက်တိုဘာ ၁၀ ရက်တွင် အာဆီယံ+၃ နိုင်ငံများအကြား မက်ခရိုစီးပွားရေး သုတေသန ရုံးဆိုင်ရာ သဘောတူညီချက်လက်မှတ်ရေးထိုးပွဲသို့ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ ဌာနချုပ်၌ ကျင်းပသည့် ဂျီ ၂၀ နိုင်ငံများ၏ ဘဏ္ဍာရေး ဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ လည်းကောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု များအတွက် အလုပ်သမားအခွင့်အရေးနှင့် လုပ်ထုံး လုပ်နည်းများဆိုင်ရာ ဆွေးနွေးပွဲသို့လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့အကြီးအကဲ Madam Christine Largarde နှင့် အာဆီယံဘဏ္ဍာရေး ဝန်ကြီးနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ တွေ့ဆုံပွဲသို့ လည်းကောင်း တက်ရောက်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၁၁ ရက်တွင် ကမ္ဘာ့ဘဏ်ဌာနချုပ်၌ ကမ္ဘာ့ဘဏ်အုပ်စု အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr.Axel Van Trotsenburg ဦးဆောင် သော အဖွဲ့နှင့် တွေ့ဆုံပြီး ကမ္ဘာ့ဘဏ်အုပ်စုက မြန်မာ နိုင်ငံသို့ ပေးအပ်လျက်ရှိသည့် အကူအညီလုပ်ငန်းများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး မြန်မာ နိုင်ငံ ပညာရေးကဏ္ဍအတွက် ကမ္ဘာ့ဘဏ်မှပေးအပ်သော ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ နှင့် ဩစတြေးလျ နိုင်ငံအစိုးရမှပေးအပ်သော ထောက်ပံ့ငွေ အမေရိကန် ဒေါ်လာ ၁၇ သန်းတို့အတွက် ချုပ်ဆိုသည့် စာချုပ်လက်မှတ် ရေးထိုးပွဲသို့တက်ရောက်ခဲ့ကြောင်း သိရသည်။ ပြည်ထောင်စု ဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဝါရှင်တန်ဒီစီမှ အောက်တိုဘာ ၁၃ ရက်တွင် ပြန်လည် ထွက်ခွာခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၀**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၉၀၀၀ | - | ၆၆၀၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၉၀၀၀ | - | ၆၆၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၉၉၃. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၆၆. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၆၂. ၁၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၀. ၆၈၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃. ၄၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၂၁၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၂၇. ၃၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၃. ၅၆၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၇၀. ၈၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၇၉. ၆၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**






## ပြည်တွင်းရေးရာ

◆ **ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အရှေ့တိုင်းအနုပညာပြတိုက်သို့ ရောက်ရှိကြပြီး ပြတိုက်အတွင်းခင်းကျင်းပြသထားသည့် အာရှတိုက်နိုင်ငံများ၏ ယဉ်ကျေးမှုအနုပညာပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

**အရှေ့တိုင်းအနုပညာ လက်ရာပစ္စည်းများ**

တူရင်မြို့၏ ပလာဇိုမက်ဇိုနစ်အရပ်တွင် တည်ရှိပြီး အီတလီနိုင်ငံ၏ နာမည်ကျော် အရှေ့တိုင်းအနုပညာလက်ရာပစ္စည်းများကို စုဆောင်းပြသထားသော ပြတိုက်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြတိုက်အတွင်းရှိ မြန်မာလက်မှုအနုပညာပြပွဲကို တူရင်မြို့ ဒုတိယမြို့တော်ဝန်နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တူရင်မြို့ရှိ ဗာနားရီးယားနန်းတော်သို့ သွားရောက်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသစဉ်။**
(သတင်းစဉ်)





## ပုဇွန်တောင်ဘူတာ နယ်မြေဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်မည်

**ရန်ကုန် အောက်တိုဘာ ၂၀**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အောက်မြန်မာပြည် အုပ်ချုပ်ရေးဌာန (မြန်မာ့မီးရထား)၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပုဇွန်တောင်ဘူတာ နယ်မြေဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ရန်၊ အခြေခံဝန်ထမ်းများအတွက် အိမ်ရာအဆောက်အအုံများအား အနာဂတ်ကာလဖွံ့ဖြိုးတိုးတက်လာမည့် လူနေမှုအဆင့်အတန်းများနှင့်အညီ ထိုက်သင့်သည့်အကျယ်အဝန်းဖြင့် ထည့်သွင်းတွက်ချက် တည်ဆောက်ပေးရန်၊ ရန်ကုန်မြို့တော် ယာဉ်ကျပ်တည်းမှုကို ဖြေလျှော့ရေးကို အထောက်အကူပြုသည့် ယာဉ်ရပ်နားရာနေရာများကို စနစ်တကျထည့်သွင်းတည်ဆောက်ရန်၊ မြေကိုတန်ဖိုးအရှိဆုံးအသုံးချ၍ ဝင်ငွေရရှိမှုနှင့်အတူ မြို့တော်ရန်ကုန်၏ အခြေခံလိုအပ်ချက်များကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်၊ လျာထားချက်တွင်ပါဝင်သော အဆောက်အအုံများကို ခေတ်မီဒီဇိုင်းဖြင့် အလေးအနက်ထားပြီး တည်ဆောက်ရန်တို့ကို မှာကြားသည်။

ထို့နောက် မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းတံတားအလုပ်ရုံ (မြန်မာ့မီးရထား)၌ တံတားပေါင်တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။



# အင်ဒိုနီးရှား သမ္မတသစ်အဖြစ် ဂျိုကိုဝီဒိုဒို ကျမ်းသစ္စာ ကျိန်ဆို

**ဂျကာတာ   အောက်တိုဘာ   ၂၀**

ယခုနှစ် ဇူလိုင်လကကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သူ ဂျိုကိုဝီဒိုဒိုသည် အင်ဒိုနီးရှားနိုင်ငံ၏ ခေါင်းဆောင်သစ်အဖြစ် အောက်တိုဘာ ၂၀ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုသည်။

ဂျကာတာမြို့ရှိ ပါလီမန်အဆောက်အအုံတွင် အသက် ၅၃ နှစ်ရှိ ဂျိုကိုဝီဟု လူသိများသူ ဂျိုကိုဝီဒိုဒိုက အင်ဒိုနီးရှားသမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့တ်တို့သည် အင်ဒိုနီးရှားသမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ဂျကာတာအုပ်ချုပ်ရေးမှူးဟောင်း ဝီဒိုဒိုသည် အင်ဒိုနီးရှားတွင် စစ်ဘက်နှင့် နိုင်ငံရေးအထက်တန်းလွှာမှ မဟုတ်သည့် ပထမဆုံးသမ္မတဖြစ်လာသူ ဖြစ်သည်။

ပါလီမန်ခန်းမအတွင်း ကျမ်းသစ္စာကျိန်ဆိုပြီးနောက် သမ္မတ ဂျိုကိုဝီဒိုဒိုက နိုင်ငံသားများအား မိန့်ခွန်းပြောကြားသည်။ ကြီးမြတ်သောနိုင်ငံဖြစ်စေရေးအတွက် ညီညွတ်ခြင်းနှင့် လက်တွဲလုပ်ဆောင်ခြင်းသည် အရေးကြီးကြောင်း၊ သဘောကွဲလွဲမှုများ ဖြစ်ပေါ်နေသောနိုင်ငံသည် ကြီးမြတ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိလာမည် မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

ကျမ်းသစ္စာကျိန်ဆိုပွဲအပြီးတွင် ဝီဒိုဒိုသည် ဒုတိယသမ္မတ ယူဆွတ်ဖ်ကယ်လာနှင့်အတူ မြင်းရထားကိုစီး၍ ဂျကာတာမြို့တွင်းမှ သမ္မတနန်းတော်သို့ သွားရောက်သည်။

အောက်တိုဘာ ၂၀ ရက်ည လေဟာပြင် ရော့ခ်ဂီတဖျော်ဖြေပွဲကို ကျင်းပမည်ဖြစ်ပြီး သမ္မတသစ်ကိုယ်တိုင် ပါဝင်ဖျော်ဖြေတင်ဆက်ဖွယ်ရှိသည်။

အင်ဒိုနီးရှားသမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲ ကျင်းပရာ၌ အင်ဒိုနီးရှားစစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင် ၂၄၀၀၀ အား ဖြန့်ကြက်ချထားခဲ့သည်။

**ရိုက်တာ။**



အောက်တိုဘာ ၂၀ ရက်က အင်ဒိုနီးရှား သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုပြီးနောက် ပြည်သူများအား နှုတ်ဆက်နေသော ဝီဒိုဒိုအား တွေ့ရစဉ်။

# အပျော်စီးသင်္ဘောပေါ်တွင် အီဘိုလာပိုးခြိမ်းခြောက် ခရီးသည်များ စိုးရိမ်ထိတ်လန့်မှုဖြစ်ခဲ့ရ

**ဂယ်လ်ဝက်စတန်   အောက်တိုဘာ   ၂၀**

အီဘိုလာဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသည်ဟု သံသယရှိခြင်းခံရသူ ဓာတ်ခွဲခန်းကျွမ်းကျင်သူတစ်ဦး လိုက်ပါလာသည့် အပျော်စီးသင်္ဘောတစ်စင်းသည် အောက်တိုဘာ ၁၉ရက်က အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း၊ ယင်းဖြစ်ရပ်ကြောင့် ခုနစ်ရက်ကြာမြင့်သည့် အပန်းဖြေခရီးထွက်လာသူ ခရီးသည်များအတွင်း စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်ခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စု ဒါးလတ်စ်မြို့ရှိ ဆေးရုံတစ်ရုံ၌ အီဘိုလာရောဂါဖြင့် သေဆုံးခဲ့သူ လိုင်ဘေးရီးယားအမျိုးသားတစ်ဦးထံမှ သွေးနမူနာကို စစ်ဆေးခဲ့သည့် ဓာတ်ခွဲခန်းကြီးကြပ်ရေးမှူး အမျိုးသမီးတစ်ဦးသည် ခင်ပွန်းဖြစ်သူနှင့်အတူ အပျော်စီးသင်္ဘောတစ်စင်းနှင့် အတူလိုက်ပါလာခဲ့သည်။

ကာနီဗယ်လ်မဂျစ်အမည်ရှိ အပျော်စီးသင်္ဘောပေါ်၌ ဓာတ်ခွဲခန်းတွင် အလုပ်လုပ်ကိုင်သူ အမျိုးသမီးတစ်ဦးပါရှိသည်ဆိုသော သတင်းကြောင့် ယင်းသင်္ဘောပေါ်ရှိ ခရီးသည်များမှာ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်ခဲ့ကြသည်။

အဆိုပါအမျိုးသမီးနှင့် ခင်ပွန်းတို့မှာ ၎င်းတို့အခန်းတွင်းမှမထွက်ဘဲ နေထိုင်ခဲ့ကြရပြီး ဘီလစ်နိုင်ငံကလည်း ယင်းအမျိုးသမီးကို ၎င်း၏နေရင်းနိုင်ငံသို့ လေယာဉ်ဖြင့် ပြန်ပို့ရေးကိစ္စတွင် ယင်းနိုင်ငံရှိ နိုင်ငံတကာလေဆိပ်ကို အသုံးပြုခွင့်မပေးခဲ့ပေ။

မက္ကဆီကိုနိုင်ငံ ကိုဇူမဲလ်မြို့၌ခရီးသည်များ တစ်ရက်တာ ဝင်ရောက်လည်ပတ်မည့် အစီအစဉ်ကို ယင်းနိုင်ငံက ကန့်ကွက်ခဲ့သည်။

နောက်ဆုံးတွင် အမေရိကန် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ယင်းအမျိုးသမီး၏ သွေးနမူနာကို ရဟတ်ယာဉ်ဖြင့် လာရောက်ရယူကာ စစ်ဆေးစေခဲ့သည်။ သို့ရာတွင် အီဘိုလာ ဗိုင်းရပ်စ်ပိုးကို မတွေ့ရှိရကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ **ရိုက်တာ။**



အီဘိုလာ ဗိုင်းရပ်ရောဂါ ခြောက်လှန့်မှုဖြစ်ပေါ်ခဲ့သော အပျော်စီးသင်္ဘောကြီးကို တွေ့ရစဉ်။



# အိုင်အက်စ်အဖွဲ့ကို တိုက်ခိုက်နေသည့် ကာ့ဒ်တပ်ဖွဲ့များအတွက် လက်နက်ခဲယမ်းနှင့် ဆေးဝါးများ လေကြောင်းမှချပေး

**ကိုဘာနီ   အောက်တိုဘာ   ၂၀**

ဆီးရီးယားနိုင်ငံနယ်စပ်ရှိ ကိုဘာနီမြို့၌ အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်နေသည့် ကာ့ဒ်တပ်ဖွဲ့များထံသို့ လက်နက်များ၊ ခဲယမ်းမီးကျောက်များနှင့် ဆေးဝါးပစ္စည်းများကို အမေရိကန်က လေကြောင်းမှချပေးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

စီ-၁၃၀ အမျိုးအစား ထောက်ပံ့ရေးလေယာဉ်များသည် အီရတ်နိုင်ငံရှိ ကာ့ဒ်အာဏာပိုင်များက ထောက်ပံ့ပေးသောလက်နက်များနှင့် အထောက်အကူပြုပစ္စည်းများကို လေကြောင်းမှချပေးခဲ့ကြောင်း အမေရိကန် အလယ်ပိုင်းစစ်ဌာနချုပ်က ပြောကြားသည်။

အမေရိကန်က လေကြောင်းပစ်ကူပေးမှုကြောင့် တူရကီနယ်စပ်အနီး ကိုဘာနီမြို့မှ အိုင်အက်စ်တပ်ဖွဲ့ဝင်များ ဆုတ်ခွာသွားခဲ့ရသည်။

ကာ့ဒ်တပ်ဖွဲ့များအား ထောက်ပံ့ရေးပစ္စည်းများကို အမေရိကန်က လေကြောင်းမှချပေးခြင်းအတွက် အမေရိကန်၏ မဟာမိတ် တူရကီနိုင်ငံက အမျက်ဒေါသထွက်စေဖွယ်ရှိကြောင်း သတင်းထောက်များက ပြောကြားကြသည်။

အိုင်အက်စ်စစ်သွေးကြွများက ကိုဘာနီမြို့ကို သိမ်းပိုက်နိုင်ရန် တိုက်ခိုက်နေချိန်တွင် အီရတ်ကာ့ဒ်အာဏာပိုင်များက ထောက်ပံ့ပေးသောပစ္စည်းများကို လေကြောင်းမှချပေးခြင်းဖြစ်ကြောင်း အမေရိကန်အလယ်ပိုင်းစစ်ဌာနချုပ်က ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။ ယင်းလေကြောင်းထောက်ပံ့မှုတွင်ပါဝင်သော စစ်လေယာဉ်များအားလုံး ဘေးကင်းလုံခြုံစွာ ပြန်လည်ရောက်ရှိကြောင်းလည်း ယင်းကြေညာချက်၌ ဆက်လက်ဖော်ပြသည်။

တူရကီနယ်စပ်အနီးရှိ ကိုဘာနီမြို့မှ အိုင်အက်စ်တပ်ဖွဲ့များကို အမေရိကန်က လေကြောင်းမှ တိုက်ခိုက်မှု ၁၃၅ ကြိမ်ကျော် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ **ရိုက်တာ။**



ကိုဘာနီမြို့၌ တိုက်ခိုက်မှုများ ဖြစ်ပွားနေပုံကို တူရကီနယ်စပ်မှ ကာ့ဒ်များစောင့်ကြည့်နေကြစဉ်။

# အင်နာပူရ်နာ တောင်တက်လမ်း၌ ကယ်ဆယ်ရေးလုပ်ငန်း အဆုံးသတ်တော့မည်

**ခတ္တမန္ဒူ   အောက်တိုဘာ   ၂၀**

နီပေါနိုင်ငံမြောက်ပိုင်း ဟိမဝန္တာတောင်တန်းဒေသ အင်နာပူရ်နာ တောင်တက်လမ်း၌ နှင်းမုန်တိုင်းတိုက်ခတ်ခြင်းနှင့် ဆီးနှင်းခဲပြိုကျမှု ဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်း လုပ်ဆောင်နေမှုကို အဆုံးသတ်တော့မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၁၉ ရက် တွင် သတင်းထုတ်ပြန်သည်။

နှင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် တောင်တက်လမ်းပေါ် ပိတ်မိနေခဲ့သည်ဟု ယူဆရသူ တောင်တက်သမားများအားလုံးသည် ယခုအခါ ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အင်နာပူရ်နာ တောင်တက်လမ်းပေါ်၌ ပိတ်မိနေခဲ့သူ တောင်တက်သမားများတွင် ကနေဒါ၊ အိန္ဒိယ၊ အစ္စရေး၊ ဆလိုဗက်ကီးယား၊ ပိုလန်နှင့်ဂျပန်နိုင်ငံတို့မှ တောင်တက်သမားများ ပါဝင်သည်။ လွန်ခဲ့သည့် ရက်သတ္တပတ်က ဆီးနှင်းမုန်တိုင်းတိုက်ခတ်ကာ ဆီးနှင်းခဲ ပြိုကျမှုဖြစ်ပွားခဲ့ရာတွင် နိုင်ငံတကာမှ တောင်တက်သမား ၃၈ ဦးထက် မနည်းသေဆုံးခဲ့ရသည်။

မူစတန်၊ မာနန်းနှင့် ဒေါ်ပါခရိုင်တို့၌ အောက်တိုဘာ ၂၀ ရက်က ကယ်ဆယ်ရေးရဟတ်ယာဉ်များက ရှာဖွေမှုများကို အပြီးသတ် ပြုလုပ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

**ပီတီအိုင်။**

# ကရာချိမြို့ရှိ ပရဟိတအဖွဲ့အစည်းကို လက်နက်ကိုင်ဓားပြများ ဝင်ရောက်လုယက်

**ကရာချိ   အောက်တိုဘာ   ၂၀**

ပါကစ္စတန်နိုင်ငံရှိ လူမှုရေးပရဟိတလုပ်ငန်း လုပ်ကိုင်သည့် အဖွဲ့အစည်းတစ်ခု၏ ရုံးခန်းအတွင်းသို့ လက်နက်ကိုင်ဓားပြများ စီးနင်းဝင်ရောက်လာကာ ဒေါ်လာ ၄၀၀၀၀၀ နှင့် ရွှေငါးကီလိုတို့ကို လုယက်ယူဆောင်သွားခဲ့ကြပြီး ဝန်ထမ်းအချို့ကိုလည်း ဓားစာခံများအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့ရှိ အက်ဟီစင်တာအမည်ရှိ ပရဟိတလုပ်ငန်းလုပ်ကိုင်သည့် အဖွဲ့အစည်း၏ရုံးခန်းတွင်းသို့ လက်နက်ကိုင်ဆောင်ထားသူ ရှစ်ဦးထက်မနည်းတို့က စီးနင်းဝင်ရောက်လာခဲ့ပြီး ဝန်ထမ်းအချို့ကို ဓားစာခံများအဖြစ် ဖမ်းဆီးခဲ့သည့်အပြင် ယင်းအဖွဲ့အစည်း ထူထောင်သူ အဗ္ဗဒူလ်ဆတ္တားအက်ဟီကို သေနတ်ဖြင့်တေ့ကာ ခြိမ်းခြောက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အသက် ၈၀ ကျော်အရွယ်ရှိ အက်ဟီသည် လူမှုရေး ပရဟိတလုပ်ငန်းကို ဦးဆောင်လုပ်ကိုင်နေသူအဖြစ် လူချစ်လူခင်များပြားသူဖြစ်သည်။ ၎င်း၏အဖွဲ့အစည်းသည် နိုင်ငံတစ်ဝန်း၌ လူနာတင်ယာဉ် ဝန်ဆောင်လုပ်ငန်း လုပ်ကိုင်နေပြီး အမျိုးသမီးများ၊ ကလေးများနှင့် အားကိုးရာမဲ့တို့အတွက် လူမှုရေးအကူအညီများပေးလျက်ရှိသည်။

**ပီတီအိုင်။**

ပြည်တွင်းရေးရာ

# တစ်နိုင်ငံလုံးအဆင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များကို

## အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ အသိပေးရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မိကာဆာဟိုတယ်၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသည် ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းတစ်ရပ်အနေဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသည် ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ပြုလုပ်ခဲ့သည့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း ရှေ့ပြေးစီမံချက်မှ ရရှိခဲ့သော အတွေ့အကြုံသင်ခန်းစာများကို မျှဝေရန်နှင့် တစ်နိုင်ငံလုံးအဆင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များကို အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ အသိပေးရှင်းလင်းခြင်းပင်ဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရေးဆွဲထားသည့် မဟာဗျူဟာစီမံကိန်း (၂၀၁၄-၂၀၁၈) ရည်မှန်းချက်တွင်ပါဝင်သည့် မဟာဗျူဟာအနေဖြင့် ကဏ္ဍစုံမှ ပါဝင်ပတ်သက်နေသူများ၏ ထောက်ပံ့ကူညီမှုကိုရယူခြင်း၊ မဲဆန္ဒရှင်စာရင်းဆိုင်ရာ အချက်အလက်များကို ကွန်ပျူတာ၊ အင်တာနက် စသည့် နည်းပညာများ အသုံးပြုကာ တစ်နေရာတည်းတွင် ပေါင်းစည်းခြင်းနှင့် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသည့် အချက်အလက်များကို စုစည်းကာ ပိုမိုပြည့်စုံ မှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုရန်ပင်ဖြစ်ကြောင်း။

ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြည်သူများနှင့် မဲဆန္ဒရှင်များအား အသိပညာပေးလုပ်ငန်းများကို နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူသွားမည်ဖြစ်သောကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပူးပေါင်းဆောင်ရွက်နိုင်သော နည်းလမ်းများနှင့် အကြံဉာဏ်များကို ပါဝင်ဆွေးနွေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က မြန်မာတစ်နိုင်ငံလုံး၌ အခြေခံမဲဆန္ဒရှင် စာရင်းပြုစုရန် လျာထားသည့် လုပ်ငန်းအစီအစဉ်၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း လက်စွဲစာစောင်နှင့် ပက်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် အရပ်ဘက် လူမှုအဖွဲ့အစည်းဖြစ်သည့် PACE မှ ဦးစိုင်းရဲကျော်စွာမြင့်က ရွေးကောက်ပွဲစောင့်ကြည့်အကဲခတ်သူများ လိုက်နာရမည့် ကျင့်ဝတ်ရေးဆွဲနိုင်ရေးအတွက် ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာကြသူများက ပူးပေါင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲကျင်းပချိန်တွင် CSO များအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း နှစ်ပိုင်းရှိကြောင်း၊ မဲစာရင်းကောက်ယူခြင်းနှင့် မဲဆန္ဒရှင်ပညာပေးရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲသည် အရေးကြီးပြီး လူတော်လူကောင်းများ လွှတ်တော်တွင်း ရောက်ရှိရန်လိုကြောင်း၊ ကြိုတင်မဲပေးစနစ်နှင့်ပက်သက်၍ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများအား ရှင်းလင်းခဲ့ပြီး Observer များအနေဖြင့် သိက္ခာသမာဓိရှိသော၊ ဘက်မလိုက်သော၊ ဂုဏ်ရှိသော အဖွဲ့အစည်းများဖြစ်စေလိုကြောင်း၊ စောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းများအနေဖြင့် ဥပဒေ၊ နည်းဥပဒေများအား နှံ့နှံ့စပ်စပ်သိရှိအောင် လေ့လာစေလိုကြောင်း ပြောကြားခဲ့သည်။



ယနေ့ပြုလုပ်သည့်အလုပ်ရုံဆွေးနွေးပွဲသို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ရွေးကောက်ပွဲအရာရှိ International Foundation for Electoral Systems (IFES)၊ အရပ်ဘက်လူမှုအဖွဲ့အစည်း ၄၄ ဖွဲ့မှ ကိုယ်စားလှယ်များနှင့် INGO ကိုးဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြောင်း သိရှိရသည်။

ယနေ့ပြုလုပ်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသည် တတိယအကြိမ်မြောက်ဖြစ်ပြီး ပထမအကြိမ်ကို ၂၀၁၄ ခုနှစ် မတ် ၁၃ ရက်နှင့် ဒုတိယအကြိမ်ကို ၂၀၁၄ ခုနှစ် မေ ၁၆ ရက်တို့တွင် ကျင်းပခဲ့သည်။ **(သတင်းစဉ်)**



## သန်လျင်မြို့ ကျိုက်ခေါက်စေတီတော် မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ဂေါပကအဖွဲ့ကကြီးမှူး၍ (၃၃)ကြိမ်မြောက် မသိုးသင်္ကန်း ယှဉ်ပြိုင် ရက်လုပ်ပူဇော်ပွဲကို ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ အဖိတ်နေ့ (နိုဝင်ဘာ ၅ ရက်၊ ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် စေတီတော်ရင်ပြင်ကျောက်တန်းတန်ဆောင်းတော်၌ ကျင်းပမည်ဖြစ်သည်။

မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပွဲတွင် ယသော်ဓရာ၊ အမရာ၊ ကိန္နရီ၊ မဒ္ဒီနှင့် သမ္ဘူလရက်ကန်းစင်တော်ကြီး ငါးစင်ဖြင့် ရက်ကန်းခတ်ကျွမ်းကျင်သူ အမျိုးသမီးများက ရက်လုပ်ကြမည်ဖြစ်သည်။ ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ပြီးသော သင်္ကန်းတော်မြတ်များကို စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်ကာ တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၆ ရက်၊ ကြာသပတေးနေ့) နံနက် ၄ နာရီတွင် စေတီတော်အာရုံခံလေးသွယ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူနှင့် ကြေးသွန်းမဟာမြတ်မုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်တို့အား ကပ်လှူပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။ **(ကိုချစ်)**

### MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၁-၁၀-၂၀၁၄ (အင်္ဂါနေ့)

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်၊ မေတ္တာသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၄၀ | "သစ်တုံးကြီးဥပမာ" တရားတော် ဒေါက်တာဘဒ္ဒန္တ ကုမာရဘိဝံသ (ဗန်းမော်ဆရာတော်)] |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ ဒဏ္ဍာရီ" (အပိုင်း-၂၇) |
| ၈း၃၅ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၁၁း၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာနန်းတော်" (အပိုင်း-၉၅) |
| ၁၂း၂၅ | ရန်ကုန်မြင်ကွင်းကျယ် (မြရတနာရုပ်ရှင်ရုံဖွင့်ပွဲ) |
| ၇း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign Of Love (အချစ်သင်္ကေတ) (Book 2) (အပိုင်း-၂၇) |


PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

အရိုးအကြော၊ တင်ပါးဆုံဆစ် နှင့် ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုး ခွဲစိတ်ကုသမှုအစီအစဉ်





မှန်ပြောင်းဖြင့်ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း(Arthroscopy)၊ အရိုးအကြော၊ တင်ပါးဆုံဆစ်နှင့် ဒူးဆစ်ပိုင်းဆိုင်ရာ အစားထိုးခွဲစိတ်ကုသခြင်း ၊ Ilizarov နည်းပညာသစ်ဖြင့်အရိုးရှည်အောင်ခွဲစိတ်ကုသခြင်းနှင့် အခြားသောအရိုးရောဂါများကို ပန်းလှိုင်ဆေးရုံကြီးတွင်ဒူးဆစ်၊တင်ပါးဆုံဆစ်နှင့်အခြားအရိုးအကြောအစားထိုးခွဲစိတ်ကုသမှုပေါင်းများစွာတို့ကို အောင်မြင်စွာခွဲစိတ်ကုသပေးခဲ့ပြီးသော စင်္ကာပူနိုင်ငံမှဆရာဝန်ကြီးနှင့် မြန်မာနိုင်ငံမှဆရာဝန်ကြီးများ ပူးပေါင်း၍ အောက်တိုဘာလ ၂၅ ရက်မှ ၂၈ ရက်နေ့အထိ လာရောက်ကုသပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄ ၃၂၁၊ ၆၈၄ ၃၂၅၊ ၆၈၄ ၃၃၆၊ (၀၉) ၄၂၁ ၀၄၂ ၆၇၉၊ (၀၉) ၂၅၄ ၉၅၀ ၈၁၇ / မန္တလေး (၀၉) ၄၃၂၀ ၇၇၈၁ Email : enquiry.phih@spa-mm.com

ဆောင်းပါး

# အစာအာဟာရနှင့် ဝန်ကြီးဌာနဆောင်ရွက်ချက်နှိုးနှယ်မှု

## ပါမောက္ခဒေါက်တာတင်ငွေ

လူသားတိုင်းသည် သက်ရှည်ကျန်းမာစွာဖြင့် မိမိတို့၏ဘဝကို ဖြတ်သန်းလိုကြသည်သာဖြစ်၏။ အသက်ရှင်သန်နေသရွေ့ကာလပတ်လုံး၌လည်း ခန္ဓာကိုယ်လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အစာအာဟာရကို မှီဝဲနေရမည်ဖြစ်သည်။ ထို့ကြောင့်ပင် "သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ (သဗ္ဗေခပ်သိမ်းကုန်သော၊ သတ္တာ၊ သတ္တဝါတို့သည်၊ အာဟာရဋ္ဌိတိကာ၊ အစာအာဟာရသာလျှင် အရင်းမူလရှိကုန်၏)"ဟု မိန့်ဆိုခဲ့သည်။ အာဟာရဆိုသည်မှာ "မိမိ၏ ဆိုင်ရာ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ကို လွန်စွာဆောင်ရွက်နိုင်သော စွမ်းအားဗလကြီးကျယ်လှသောတရားကို အာဟာရဆိုသတည်း"ဟု လယ်တီဆရာတော်ဘုရားကြီး၏ အာဟာရဒီပနီကျမ်းတွင် ဖွင့်ဆိုတော်မူခဲ့သည်။

အာဟာရဟူသည်ကား အဇ္ဈတ္တသြဇာ၊ ဗဟိဒ္ဓသြဇာဟူ၍ နှစ်ပါးရှိပြီး ပဋိသန္ဓေနေသည်မှ နှစ်သတ္တဟတိုင်ရောက်လျှင် အမိစားသောက်သော ဗဟိဒ္ဓသြဇာသည် ပုံ့နှံ့စိမ့်ဝင်၍ အာဟာရဓဇ အဌကလာပ်ရုပ်ကို ပြုကြကုန်၍ အမိဝမ်းတွင်းမှ ကျွတ်ခဲ့မူပါကား၊ မိမိစားသောက်သော အာဟာရဟုဆိုအပ်သော ဗဟိဒ္ဓသြဇာပုံ့နှံ့၍ အာဟာရဓဇရုပ်ကလာပ်ကို ပြုကုန်ကြရာ၏ဟု စာပေကျမ်းဂန်များတွင် အဆိုရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ လူသားတို့သည် ပဋိသန္ဓေနေစဉ် ရက်သတ္တနှစ်ပတ်မှစ၍ သေဆုံးသည်တိုင် အာဟာရတည်းဟူသော အစားအစာကိုမှီခိုနေရပေသည်။

သိပ္ပံဝေါဟာရအရ အဓိပ္ပာယ်ဖွင့်ဆိုရပါက အာဟာရဆိုသည်မှာ သက်ရှိသတ္တဝါများ အသက်ရှင်သန်နေနိုင်ရန်နှင့် ခန္ဓာကိုယ်ကြီးထွားရန်အတွက် စားသုံးနေရသော အစားအစာတွင်ပါဝင်သည့်အစိတ်အပိုင်းဓာတ်ပစ္စည်းများပင် ဖြစ်ပါသည်။ ၎င်းအစိတ်အပိုင်း ဓာတ်ပစ္စည်းများဖြစ်သည့် အာဟာရဓာတ်သည် သတ္တဝါတို့၏ ဇီဝဖြစ်စဉ်လုပ်ငန်းများ လည်ပတ်နိုင်ရန်အတွက် စွမ်းအင်များဖြည့်ဆည်းပေးခြင်းနှင့် ဇီဝဖြစ်စဉ်များ ကောင်းမွန်စွာလည်ပတ်နိုင်ရန်အတွက် အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်နေရသည်။

အသက်ရှင်နိုင်ရေးအတွက် သတ္တဝါမှန်သမျှ အစာအာဟာရကို မှီဝဲရသည်။ ယင်းအစာများစားသုံးပြီးသောအခါ အစာခြေအဖွဲ့က အစာခြေဖျက်ပေးပြီး သွေးကြောများအတွင်းစုပ်ယူကာ တစ်ကိုယ်လုံးသို့ ပို့ဆောင်ပေးသည်။ လူတို့စားသုံးနေသော အစာများကို အောက်ပါအတိုင်း ခွဲခြားနိုင်သည်။

ကာဗိုဟိုက်ဒရိတ်ခေါ် ကစီဓာတ်၊ ပရိုတိန်းခေါ် အသားဓာတ်နှင့် အဆီဓာတ်တို့သည် အဓိကစားသုံးရသော အစာများဖြစ်သည်။ ထို့အပြင် ရေ၊ ဗီတာမင်နှင့် သတ္တုဓာတ်ဆားများသည်လည်း အသင့်အတင့်စားသုံးရသော အစာများဖြစ်သည်။ ကစီဓာတ်သည် နေ့စဉ်လှုပ်ရှားသွားလာမှုများအပါအဝင် ခန္ဓာကိုယ်၏ဇီဝဖြစ်စဉ်များအတွက် အင်အားကိုပေးသည်။ ကစီဓာတ်ကို ဆန်၊ ပေါင်မုန့်၊ အာလူး၊ သကြား၊ ယိုအမျိုးမျိုး၊ ပျားရည် စသော အစာများမှရရှိသည်။

အသားဓာတ်သည် ခန္ဓာကိုယ်ကြီးထွားခြင်း၊ အင်္ဂါအစိတ်အပိုင်းများတည်ဆောက်ခြင်း၊ ပြန်လည်ပြုပြင်ခြင်းတို့အတွက် လိုအပ်သည်။ ဇီဝဖြစ်စဉ်များတွင်လိုအပ်သော အင်ဇိုင်းများအတွက်လည်း အရေးကြီးသည်။ အသားဓာတ်ကို အသားအမျိုးမျိုး၊ ဒိန်ခဲ၊ ဥအမျိုးမျိုး၊ နွားနို့၊ ပဲအမျိုးမျိုးနှင့် အချို့ဟင်းသီးဟင်းရွက်များတွင် တွေ့ရသည်။ ပရိုတိန်းကို အမိုင်နိုအက်စစ်များဖြင့် ဖွဲ့စည်းထားသည်။ အမိုင်နိုအက်စစ်အုပ်စုနှစ်ခုရှိသည်။ ပထမအုပ်စုမှာ ခန္ဓာကိုယ်တွင် မိမိဘာသာထုတ်လုပ်နိုင်သည့် အမိုင်နိုအက်စစ်များဖြစ်ကြပြီး ဒုတိယအုပ်စုမှာ ခန္ဓာကိုယ်တွင် မထုတ်လုပ်နိုင်သဖြင့် မိမိစားသောက်သော အစားအစာမှရယူရသော အမိုင်နိုအက်စစ်များဖြစ်သည်။ ဒုတိယအုပ်စုတွင် ပါဝင်သည့် အမိုင်နိုအက်စစ်များသည် အပင်ဇစ်မြစ်ဖြစ်သည့် ဟင်းသီးဟင်းရွက်အသီးအနှံတစ်မျိုးတည်းတွင် ပြည့်စုံစွာ မပါရှိနိုင်သော်လည်း ကြက်ဥ၊ နွားနို့ကဲ့သို့သော အသားငါးအစားအစာများတွင်မူ အမျိုးအမည် များပြားစွာပါဝင်သည်ကိုတွေ့ရပေသည်။ ပရိုတိန်းဓာတ်သည် သုံးနှစ်အရွယ်ကလေးများတွင် သာမာန်လူကြီးတစ်ဦး၏ လိုအပ်ချက် ပမာဏထက် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ပိုမိုလိုအပ်ပြီး ကလေးငယ်တစ်နှစ်သားအရွယ်တွင် လူကြီးထက် ၁၅၀ ရာခိုင်နှုန်း ပိုမိုလိုအပ်ကြောင်း သိရှိရသည်။ သို့ဖြစ်ပါ၍ ခန္ဓာကိုယ်အတွက် အာဟာရဓာတ်ပြည့်မီစွာရနိုင်ရန် အသားငါးအစားအစာများကို စားသုံးပေးရန်နှင့် ဟင်းသီးဟင်းရွက်အသီးအနှံများကို အမည်အမျိုးမျိုးစားသုံးပေးရန် လိုအပ်ပါသည်။

အဆီဓာတ်သည် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော အာဟာရဖြစ်သည့်အပြင် ဆဲလ်နံရံများ တည်ဆောက်ခြင်း၊ ဟော်မုန်းများ ထုတ်ပေးခြင်းနှင့် အင်အားဖြစ်စေခြင်းအတွက် လိုအပ်သည်။ အဆီဓာတ်ကို သစ်ပင်မှရရှိသော အဆီဓာတ်နှင့် တိရစ္ဆာန်မှရရှိသော အဆီဓာတ်ဟူ၍ ခွဲခြားထား၏။

လူတို့သည် မွေးဖွားပြီးနောက် တစ်နှစ်မှ ငါးနှစ်အတွင်း ဦးနှောက်ဖွံ့ဖြိုးမှုသည် အမြန်ဆုံးနှင့် သိသာမှုအရှိဆုံးဖြစ်သည်ကို တွေ့ရသည်။ အမေရိကန်နိုင်ငံ အမျိုးသားကျန်းမာရေးဌာန သုတေသနအကြိုတွေ့ရှိချက်များအရ ကျောင်းနေအရွယ်ကလေးများ၏ ဦးနှောက်ပမာဏကြီးထွားမှုသည် ယောက်ျားလေးများတွင် ၁၄ ဒသမ ၅ နှစ်နှင့် မိန်းကလေးများတွင် ၁၁ ဒသမ ၅ နှစ် အသီးသီး၌ အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရသည်။ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် သက်ဆိုင်ရာ အာဟာရဓာတ်တစ်မျိုးခြင်းအလိုက် ဆက်နွယ်မှုများကို သုတေသနများ စူးစမ်းဆောင်ရွက်နေဆဲဖြစ်သော်လည်း ကလေးအရွယ်တွင် အာဟာရဓာတ်ကို လုံလောက်စွာ ကျွေးမွေးသင့်သည်မှာ မလွဲကေန်ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ ကျောင်းနေအရွယ်ကလေးများ နွားနို့တိုက်ကျွေးရေးစီမံချက်ကို အကောင်အထည်ဖော်ခဲ့သည်မှာ သုံးနှစ်ကာလရှိခဲ့ပြီးဖြစ်သည်။ ကျောင်းနေအရွယ်ကလေးငယ်များ နွားနို့တိုက်ကျွေးရခြင်းမှာ ကလေးငယ်များကြံ့ခိုင်ကျန်းမာပြီး ဉာဏ်ရည်ဖွံ့ဖြိုးလာစေရန်၊ နွားနို့သောက်သုံးသည့် အလေ့အကျင့်ရရှိလာစေရန်၊ နွားနို့ဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နို့စားနွားမွေးမြူရေးထွန်းကားလာစေရန်နှင့် ကျေးလက်ဒေသ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ပါသည်။

ယနေ့လူငယ် နောင်ဝယ်လူကြီး ဖြစ်လာကြမည့် ကျောင်းနေအရွယ်ကလေးများ ကြံ့ခိုင်ကျန်းမာဉာဏ်ရည်ဖွံ့ဖြိုးမှသာလျှင် ကိုယ်စိတ်နှစ်ပါးကြံ့ခိုင်စွာဖြင့် အနာဂတ်နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ နိုင်ငံတော်အတွက် အသက်တမျှအရေးကြီးသော လူသားအရင်းအမြစ် မွေးထုတ်ပေးနိုင်ရန် အာဟာရပြည့်စုံဖူလုံစွာ စားသုံးနိုင်ရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် သားငါးကဏ္ဍ စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားအပ်ပါသည်။ ။

**ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာကြမည့် ကျောင်းနေအရွယ်ကလေးများ ကြံ့ခိုင်ကျန်းမာ ဉာဏ်ရည်ဖွံ့ဖြိုးမှသာလျှင် ကိုယ်စိတ်နှစ်ပါးကြံ့ခိုင်စွာဖြင့် အနာဂတ်နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ကြမည်**

# ဟားခါး၌ မွေးဖွားမှုမှတ်ပုံတင်ခြင်းရက်သတ္တပတ်ဖွင့်ပွဲကျင်းပ

**ဟားခါး အောက်တိုဘာ ၂၀**

ချင်းပြည်နယ်မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဟားခါးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ်(ကိုယ်စား) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦးက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ချင်းပြည်နယ် ဦးစီးဌာနမှူး ဦးရှိန်ဝင်းနှင့် UNICEF တာဝန်ခံ ဦးပြောင်ဆွမ်းမုန်တို့က ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဆိုင်ရာရည်ရွယ်ချက်နှင့်ရရှိမည့်အကျိုးကျေးဇူးများ၊ ရက်သတ္တပတ်ဆိုင်ရာ လှုပ်ရှားမှုအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ၊ ဖွင့်ပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

အလားတူဖွင့်ပွဲအခမ်းအနားကို ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ကိုးခု၌လည်း တစ်ပြိုင်နက်တည်းပြုလုပ်ခဲ့ကြကြောင်းနှင့် အောက်တိုဘာ ၂၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကောင်းနန္ဒကျော်(တမူး)**

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၂၁-၁၀-၂၀၁၄ (အင်္ဂါနေ့)**

**(၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၃)ရက်၊ အဖိတ်နေ့)**

| | | | |
|---|---|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် | | (ဒါရိုက်တာ-ကြည်စိုးထွန်း၊ ဒါရိုက်တာ-မောင်မောင်မြင့်) |
| ၆း၂၅ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ | ၄း၁၅ | "စားသုံးသူ ကာကွယ်ဖို့ ဝိုင်းဝန်းဆောင်ရွက်ကြပါစို့" |
| ၆း၃၀ | ကြေးမုံရိပ်သွင်တေးနှုယဉ် | ၄း၃၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဥပဒေပညာထူးပြု) (ဥပဒေပညာ) |
| ၆း၄၀ | မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ထေရုပ္ပတ္တိမော်ကွန်း (ပဥ္စမဆယ်စုနှစ်) (အပိုင်း-၁) | | |
| ၁၀း၃၅ | "ဘတောဝါနောဘရိသတိ" | ၆း၂၀ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ |
| ၂း၂၀ | မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် | ၈း၃၅ | "မျက်မှောက်ရေးရာအဖြာဖြာ" |

## ရန်ကုန်မြို့တော်စည်ပင် ရွှေးကောက်ပွဲ ဒီဇင်ဘာ ၂၇ ရက်တွင် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်ပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် ကော်မရှင်ရုံးမှ ကြေညာချက်ကို ထုတ်ပြန်ထားကြောင်း သိရသည်။

**(စောသိန်းဝင်း)**




ပြည်သူ့လွှတ်တော်အစည်းအဝေး

# မူဝါဒတစ်ခုပြောင်းလဲချမှတ်မည်ဆိုပါက အများအကျိုး၊ နိုင်ငံတော်အကျိုး ကြိုတင်စိစစ်သုံးသပ်ရန်လိုအပ်

**နေပြည်တော် အောက်တိုဘာ ၂၀**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ လယ်ဝေးမဲဆန္ဒနယ်မှ ဦးငွေဝင်း၏**ဆီထွက်သီးနှံများ ပြည်ပတင်ပို့မှုနှင့် ပြည်ပမှစားအုန်းဆီတင်သွင်းမှုစသည့် ကုန်သွယ်မှုမူဝါဒကို ပြုပြင်ပြောင်းလဲရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက မူဝါဒတစ်ခုပြောင်းလဲချမှတ်မည်ဆိုပါက အများအကျိုး၊ နိုင်ငံတော်အကျိုးနှင့် ရေရှည်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို ကြိုတင်စိစစ်သုံးသပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဆီထွက်သီးနှံများ ပြည်ပတင်ပို့မှု၊ စားအုန်းဆီများ ပြည်ပမှတင်သွင်းမှုနှင့် ပတ်သက်၍ မူဝါဒပြောင်းလဲမည်ဆိုလျှင် မြန်မာနိုင်ငံရှိ အခြေခံလူတန်းစားများဖြစ်ကြသည့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ၏ အကျိုးအမြတ်ရရှိနေမှုအပေါ် ထိခိုက်လာနိုင်မှုဖြစ်ပေါ်နိုင်သကဲ့သို့ မလိုလားအပ်သည့် ဈေးနှုန်းမြင့်တက်မှုများကြောင့် စားသုံးသူပြည်သူများအပေါ် ထိခိုက်နစ်နာမှုများဖြစ်ပေါ်လာနိုင်သည့်အတွက် အလေးအနက်ထား ထည့်သွင်းစဉ်းစားရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ၊ စားသုံးသူပြည်သူများ၏ သဘောထားနှင့် လိုအင်ဆန္ဒများကိုရယူပြီးမှ ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက်ရေကြည်မြို့နယ်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင်၏ **ဖွံ့ဖြိုးတိုးတက်မှုအားနည်းသော မြို့နယ်များရှိ မြို့ပေါ်ရပ်ကွက်များအား အမှန်တကယ်လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကူအညီတောင်းခံတင်ပြလာပါက နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်းကနိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါက မည်သည့်ဒေသအတွက်မဆို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လက်ရှိတွင်လည်း မြို့နယ်များအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုမြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီများက ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့နယ်အတွင်းဆောင်ရွက်ရန်လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီး၊ လမ်း၊ တံတားစသည့် ကဏ္ဍဆိုင်ရာစီမံကိန်းများကိုလည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၎င်းနှင့်မလုံလောက်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအစီအမံဖြင့် နိုင်ငံတော်မှ ချေးငွေရယူပြီး မြို့နယ်များ ဦးစားပေးလိုအပ်ချက်အရ ဘဏ္ဍာငွေဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း။



လယ်ဝေးမဲဆန္ဒနယ်မှ ဦးငွေဝင်း။

ယင်းနောက် တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ၏ **တမူးမြို့မှ အင်ဖာမြို့အထိ တရားဝင်သွားလာခွင့်ရရှိနိုင်ရန် မည်သည့်အချိန်တွင် စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က မြန်မာ- အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဒေသဖြတ်သန်းခွင့် သဘောတူစာချုပ်အား တရားဝင်ချုပ်ဆိုထားခြင်း မရှိသေးပါကြောင်း၊ တရားဝင်နယ်စပ်ဖြတ်သန်းသွားလာနိုင်ရေးမှာ ခွင့်ပြုမိန့်ရရှိပါက သံတမန်လမ်းကြောင်းမှတစ်ဆင့် နှစ်နိုင်ငံသဘောတူစာချုပ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပြီးမှသာ တရားဝင် ဝင်/ထွက် သွားလာရေးကိစ္စများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံ အင်ဖာမှ မြန်မာနိုင်ငံ မန္တလေးအထိ လည်ပတ်ခွင့်ပြုပြီး ၎င်းဂိတ်မှပင် ပြန်လည်ထွက်ခွာခွင့်ပြုမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဒေသဖြတ်သန်းခွင့် သဘောတူစာချုပ်ပါ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (သို့မဟုတ်) ခိုင်လုံသည့် နိုင်ငံကူးလက်မှတ်များဖြင့် မြန်မာ- အိန္ဒိယ နှစ်နိုင်ငံသားများတရားဝင် ဝင်/ထွက် သွားလာနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ပေါက်တောမဲဆန္ဒနယ်မှ ဦးထွန်းအောင်ခိုင်၏ **ပြည်တွင်းဘဏ်များမှ အပ်ငွေအပေါ်အပြိုင်အဆိုင်အတိုးနှုန်းပေးမှု အလွန်အကျွံမဖြစ်ပေါ်စေရေးနှင့် Bankrupt မဖြစ်ရေးတို့ကို မည်သို့ထိန်းချုပ်မည်ကို သိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက ဗဟိုဘဏ်၏ ငွေရေးကြေးရေးအဖွဲ့အစည်းများ ကြီးကြပ်စစ်ဆေးရေးဌာနက ဘဏ်များသို့ကွင်းဆင်းစစ်ဆေးခြင်းနှင့် စာရင်းအင်းတောင်းယူကြီးကြပ်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ဘဏ်များ၏ ကျန်းမာကြံ့ခိုင်မှုကို တွက်ချက်စစ်ဆေးအသုံးပြုသည့် Financial Soundness Indicators (FSI) ကိုလည်း လစဉ်နှင့် (၃) လပတ်အလိုက်တွက်ချက်ပြီး ဗဟိုဘဏ်၏ ဒါရိုက်တာဘုတ်အဖွဲ့သို့ တင်ပြအစီရင်ခံခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုဘဏ်မှချမှတ်ထားသည့် စည်းမျဉ်းများလိုက်နာမှု မရှိကြောင်းနှင့် FSI ညွှန်းကိန်းများအားနည်းနေကြောင်း တွေ့ရှိရပါက ဗဟိုဘဏ်က ဘဏ်များကို ခေါ်ယူဆွေးနွေးခြင်းနှင့် သီးခြားစာထုတ်၍ အသိပေးလိုက်နာစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ရေလမ်းကြောင်းပြုပြင်ခြင်းဖြင့် ရေတိုက်စားကမ်းပြိုမှုများကို လျော့နည်းသွားစေရန် ဆောင်ရွက်သင့်

**နေပြည်တော် အောက်တိုဘာ ၂၀**

ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး၏ **"ပခုက္ကူမြို့နယ်ရှိ ဧရာဝတီမြစ်ကူးတံတား(ပခုက္ကူ)၏ အောက်ဘက်တွင်ရှိသော မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများအား ကမ်းပါးပြိုပြီး ကျေးရွာမြေများ၊ စိုက်ပျိုးမြေများ ဆုံးရှုံးနေခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဧရာဝတီမြစ်ကြောင်းကို ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအရ ကမ်းပြိုကာကွယ်ရေးကိုသာ ရည်ရွယ်ပြီး Steel Basket ကျောက်ဖြည့်ရေကာ တည်ဆောက်ခြင်းမှာ ကုန်ကျစရိတ်များပြားပြီး ကမ်းပြိုဧရိယာတစ်ခုလုံး ကာကွယ်မပေးနိုင်သည့်အတွက် ဆောင်ရွက်ခြင်းမပြုဘဲ လက်ရှိရေလမ်းကြောင်းကို ပြုပြင်ခြင်းဖြင့် ရေတိုက်စားကမ်းပြိုမှုများကို လျော့နည်းသွားစေရန် ဆောင်ရွက်သင့်ပြီး ထို့သို့ရေလမ်းကြောင်းပြောင်းလဲရန် ပခုက္ကူတံတား တိုင်အမှတ် (၁၃)အနီးမှ သဲကုန်းကျေးရွာရှေ့ရှိ ရေလယ်ပေါက်သို့ နီးကပ်သော ရေလမ်းကြောင်း တူးဖော်ခြင်းကိုသာ ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း၊ ရေလမ်းကြောင်းပြုပြင်ရန် သောင်တူးဖော်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၂၄၁ ဒသမ ၉၄) သန်းကို ခွင့်ပြုပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ စိစစ်တင်ပြခဲ့ရာ ခွင့်ပြုခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ် ဧရာဝတီမြစ်ကူးတံတား(ပခုက္ကူ)၏ အောက်ဘက် ဧရာဝတီမြစ်ကြောင်းရှိ ကျေးရွာများ ကမ်းပြိုမှုမှကာကွယ်ရန် ပခုက္ကူတံတားတိုင်အမှတ် (၁၃)အနီးမှ သဲကုန်းကျေးရွာရှေ့ရှိ ရေလယ်ပေါက်သို့ ဦးတည်သော ရေလမ်းကြောင်း အလျားမီတာ(၂၀၀၀) အတွက် (၂၇၉၇၉၈ ဒသမ ၇၅) ကုဗမီတာသောင်တူးဖော်ရန် ခန့်မှန်းကုန်ကျငွေကျပ် (၂၄၁ ဒသမ ၉၄) သန်းကို ပြည်ထောင်စု၏ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေး တင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။



ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်။



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး၏ **"နိုင်ငံအတွင်းရှိ မြို့ငယ်များမှ ဘူတာရုံအဟောင်းများအား ခေတ်မီအဆောက်အအုံအဖြစ် ပြည်လည်ပြုပြင်တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ရန်ကုန်-မန္တလေး ရထားလမ်းတစ်လျှောက်ရှိ သံလမ်းထိန်းကျောက်သားများ အမြန်ဆုံးဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက လက်ရှိတွင်ခရီးသည်နှင့် ကုန်စည်လိုအပ်ချက်အပေါ်မူတည်၍ အချို့ရထားလမ်းပိုင်းများရှိ ရထားပြေးဆွဲမှုကို နိုင်ငံတော်မှ စိုက်ထုတ်ကျခံ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာ့မီးရထားတွင် ဘူတာပေါင်း (၉၆၀) ရှိပြီး ဘူတာတစ်ဘူတာကို ခေတ်မီအဆောက်အအုံအဖြစ် အဆင့်မြှင့်ပြုပြင်မည်ဆိုပါက ဘူတာအကြီး/အငယ်အလိုက် အနည်းဆုံး ငွေကျပ် (၁၅) သန်းမှ သန်း (၃၀)အထိ ကုန်ကျမည်ဖြစ်ပြီး ခန့်မှန်းငွေကျပ်(၂၈ ဒသမ ၈) ဘီလီယံခန့် သုံးစွဲရမည်ဖြစ်ပါကြောင်း။

ဘူတာများအဆင့်မြှင့်တင်ရာတွင် ခရီးသည်နှင့် ကုန်စည်ဝင်ငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်မြှင့်တင်ရန်လိုအပ်သော ဘူတာများကို ဘဏ္ဍာငွေကျပ် (၁၂၈ ဒသမ ၀၆၃) သန်း အကုန်အကျခံ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆင့်မြှင့်တင်ရန် မလိုအပ်သေးသော်လည်း ပြုပြင်ရန်လိုအပ်သည့် ဘူတာပေါင်း (၅၄) ဘူတာကို ဘဏ္ဍာငွေကျပ် (၇၅ ဒသမ ၇၇၅) သန်း အကုန်အကျခံ၍ ပြုပြင်ပေးလျက်ရှိပါကြောင်း၊ လမ်းခင်းကျောက်ဖြည့်တင်းရန် (၃၀၂၀၀)ကျင်းလျာထားရာ ယနေ့အထိ (၁၃၁၀၀) ကျင်း ဖြည့်တင်းပြီးဖြစ်ပါကြောင်း၊ အဆင့်မြင့် လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ဆောင်ရွက်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူက တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်စေလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ အပြည့်အဝရရှိစေလိုကြောင်း၊ မိမိတို့၏ စကား၊ စာပေတို့ကို နိုင်ငံတော်၏ ပညာရေးမူဝါဒ ထိခိုက်မှုမရှိစေဘဲ သင်ကြားခွင့်နှင့်သင်ယူခွင့် ရရှိလိုပါကြောင်း။

မိမိတို့၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံအရ ဆောင်ရွက်ရသော အမျိုးသားနေ့များနှင့် ပြည်နယ်နေ့များတွင် သက်ဆိုင်ရာဒေသ၌ ရုံးပိတ်ရက် သတ်မှတ်ပေးစေလိုပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေထိုင်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးတို့၏ သက်ဆိုင်သော ပြတိုက်တစ်ခုစီတည်ဆောက်ပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က ခေတ်အဆက်ဆက်က အခြေခံဥပဒေသည် တိုင်းရင်းသားများ၏ အခွင့်အရေးကို ခွဲခြားပိတ်ပင်ခြင်းမရှိပါကြောင်း၊ ယခုအခါ တိုင်းရင်းသားများတွင် မြေပြန့်နေ ဗမာလူမျိုးများပါဝင်ကြောင်း ဥပဒေကြမ်းကော်မတီက တရားဝင်တင်သွင်းသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးကလည်း ဗမာလူမျိုးများသည် တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်သည်ဟု ပြောကြားခဲ့ဖူးကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားများ စုပေါင်းနေထိုင်သော နိုင်ငံဖြစ်သဖြင့် တိုင်းရင်းသားများ (အစား) ပြည်ထောင်စုသားများ (သို့မဟုတ်) ပြည်ထောင်စု မြန်မာနိုင်ငံသားများဟု ခေါ်ဆိုပါက တိုင်းပြည်စည်းလုံးညီညွတ်ရေးကို ပိုမိုစွမ်းဆောင်နိုင်မည်ဟု ယူဆပါကြောင်းဖြင့် ဆွေးနွေးသည်။

**(သတင်းစဉ်)**

## သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် ကိုယ်ပိုင်ယာဉ်များနှင့် အငှားယာဉ်များသည် ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်း၏ယာဘက်အစွန်ယာဉ်ကြော (ဘတ်စ်ကားယာဉ်ကြော)မှ မောင်းနှင်သွားလာခြင်းမပြုရန်နှင့် လက်ယာဘက်သို့ ကွေ့လိုမှသာ ဝင်ရောက်မောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ပြည်တွင်းရေးရာ

**✱ ပြည်ထောင်စုလွှတ်တော်မှ**

ယခုစာရင်းအရ ၃ ဒသမ ၉၀ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ မူလက ထောက်ပံ့ပေးရသည့် ငွေကျပ် ၁၄၂၁ ဒသမ ၇၃၇ ဘီလီယံဖြစ်ပြီး ယခုထပ်မံထောက်ပံ့ရမည့် ငွေကျပ် ၁၀၂ ဒသမ ၆၅၄ ဘီလီယံဖြစ်ပါကြောင်း။

တင်ပြပါ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းမှာ ၂၀၁၄ ခုနှစ် ဩဂုတ်လကုန်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ မူလခန့်မှန်းထားသည့် ရငွေများပြောင်းလဲခြင်း၊ မူလခန့်မှန်းထားသည့် သုံးငွေများ လျော့နည်းသုံးစွဲခြင်းနှင့် ထပ်မံလိုအပ်သည့် ဖြည့်စွက်ခွင့်ပြုငွေများ တောင်းခံခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းဖြစ်ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတွင် အခန်း(၂) ခန်းပါဝင်ပါကြောင်း၊ အခန်း(၁)မှာ အမည်နှင့် အကျိုးသက်ရောက်သည့်ကာလဖြစ်ပြီး အခန်း(၂)မှာ နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်းဖြစ်ပါကြောင်း၊ ယမန်နှစ်ဥပဒေနှင့် ယခုနှစ် ဥပဒေကြမ်းကွာခြားချက်မှာ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းမပြုသောဌာနများအား ဤဥပဒေတွင် ထည့်သွင်းဖော်ပြခြင်းမရှိပါကြောင်း။

ဆက်လက်၍ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ကို ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများအနက် ကာလလတ်ဘဏ္ဍာရေးမူဘောင်ရေးဆွဲခြင်းကိစ္စကို ရှင်းလင်းတင်ပြလိုပါကြောင်း။

ကာလလတ် ဘဏ္ဍာရေးမူဘောင်ဆိုသည်မှာ လာမည့် ဘဏ္ဍာရေးနှစ် မေခရိုစီးပွားရေးညွှန်ကိန်းများဖြစ်သည့် Real GDP တိုးတက်မှုနှုန်း၊ Nominal GDP ပြောင်းလဲမှုနှုန်း၊ ငွေကြေးဖောင်းပွမှုနှုန်း၊ နိုင်ငံခြားငွေ လဲလှယ်မှုနှုန်း၊ သွင်းကုန်တိုးတက်မှုတို့ကို အသုံးပြု၍ ပြီးခဲ့သည့် သုံးနှစ်တာကာလရငွေနှင့် သုံးငွေစာရင်းပေါ်အခြေခံပြီး လာမည့် သုံးနှစ်စာအတွက် ဘဏ္ဍာငွေအရအသုံးများကို ကြိုတင်ခန့်မှန်းတွက်ချက်လျာထား၍ ဘဏ္ဍာရေးနှစ်အတွက် ရငွေများကို သတ်မှတ်လျာထားပေးခြင်း၊ သုံးငွေများကို သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်စေရန်နှင့် နိုင်ငံတော်၏ ရည်မှန်းချက်မူဝါဒများကို ပိုမိုထိရောက်စွာ အထောက်အကူပြု သုံးစွဲနိုင်စေရန်ဖြစ်ပါကြောင်း။

ယခုအခါ ၂၀၁၅-၂၀၁၆၊ ၂၀၁၆-၂၀၁၇၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များအတွက် ကာလလတ်ဘဏ္ဍာရေးမူဘောင်ကို ပဏာမရေးဆွဲထားပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤကာလလတ်ဘဏ္ဍာရေးမူဘောင်ကို အခြေခံ၍ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများကို လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ ပြည်ထောင်စုက ထောက်ပံ့ရမည့်ငွေများကိုလည်းကောင်း၊ စနစ်တကျခန့်မှန်းတွက်ချက်၍ စီမံကိန်းလိုအပ်ချက်အတွက် အောက်ခြေမှ အထက်သို့ တင်ပြခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေချထားပေးနိုင်မည့် ပမာဏအား အထက်မှ အောက်ခြေသို့ ချမှတ်ပေးခြင်းတို့အား ပေါင်းစပ်ကျင့်သုံး ရေးဆွဲမည့်ပုံစံကို ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်မှစ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် အထက်ပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၏မူနှင့် အခြေခံသဘောများကို ဆွေးနွေးခြင်း၊ ဥပဒေကြမ်းဖြင့် တင်ပြထားသော ရငွေသုံးငွေများကို ဆွေးနွေးခြင်း စသည့် နည်းလမ်းများအတိုင်း ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၄)နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ကန့်ကွက်ခြင်းများ ပြုလုပ်ကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူကြသည်။

ထို့အတူ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော လျှပ်စစ်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန်လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူကြသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်ဂျီအီးကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာဂျက်ဖ်ဖရီအင်မက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်ဂျီအီးကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ဂျီအီးကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာဂျက်ဖ်ဖရီအင်မက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလွန်းသီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးသိန်းလွင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးကြည်သာ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ကြပြီး အမေရိကန် ဂျီအီးကုမ္ပဏီဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချဲလ်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

**❖ ရခိုင်မှ**

ထို့အတူ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက အမြန်ရေယာဉ်ဖြင့် ပေါက်တောမြို့သို့ ရောက်ရှိကာ ရေစူးများသော ကမ်းရိုးတန်းသွားသင်္ဘောကြီးများ ဆိုက်ကပ်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သော ပေါက်တောမြို့ သင်္ဘောဆိပ်ခံတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဆိပ်ခံတံတားဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ပေါက်တောမြို့ ဆိပ်ခံတံတားသည် ဘိုးပိုင်သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားချဉ်းကပ်လမ်း ၁၂ ပေ×၇၂ပေ၊ တံတားမျက်နှာစာ အကျယ် ၂၄ ပေ၊ အရှည် ၉၂ ပေ၊ ချဉ်းကပ်လမ်းမြေထိန်းနံရံ အလျားပေ ၆၀၊ အနံ ပေ ၅၀ ရှိပြီး တံတားခံနိုင်ဝန်မှာ တန် ၂၇၀ ဖြစ်ကာ ဆိုက်ကပ်နိုင်သော သင်္ဘောများမှာ ရေစူး ရှစ်ပေ၊ အရှည် ၁၄၅ ပေ၊ တန်ချိန် ၃၀၀ အထိ ရှိသည့် သင်္ဘောများ ဆိုက်ကပ်နိုင်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုငွေကျပ်သန်း ၂၉၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

# ဟိုပုံးနှင့် ဆီဆိုင်မြို့နယ်တို့၌ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၂၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ရှိ သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများကို ပေးအပ်လှူဒါန်းကာ ဟိုပုံးမြို့ရှိ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများနှင့် တွေ့ဆုံသည်။

ယင်းနောက် ရွာသစ်-ဟိုနား-ဘန့်ပိန်း-ကုန်းသာကျေးရွာချင်းဆက် ကျောက်ချောလမ်းဖောက်လုပ်ပြီးစီးမှုနှင့် လမ်းကြွခိုင်မှုအခြေအနေများကို စစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆီဆိုင်မြို့နယ် ဘန်းယဉ်ကျေးရွာရှိ သာသနဝိသုဒ္ဓိပရိယတ္တိစာသင်တိုက်၌ ဘန်းယဉ်၊ နားခိုက်၊ တဘက်၊ တောင်ရှေ့၊ ဘန့်ဘွီး၊ နောင်မွန်၊ နောက်ကျော၊ ပုံးအင်း၊ လွယ်ပွတ်၊ ပါလောပါကယ်ကျေးရွာအုပ်စုများနှင့် ကျောက်တလုံးမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဘဏ္ဍာငွေလျာထားသုံးစွဲမှုများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် ကျေးရွာတိုင်း ကျေးရွာတိုင်းကလည်း ပတ်ဝန်းကျင်ကျေးရွာများ၏ဖွံ့ဖြိုးနေမှုများကို အတုယူ၍ မိမိတို့ကျေးရွာများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် အထူးလိုအပ်ပါကြောင်း။

ထိုသို့ဆောင်ရွက်နိုင်ရန် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ကဏ္ဍသည်အရေးပါသောကြောင့် မိမိတို့၏ မျိုးဆက်သစ်များအား ထူးချွန်ထက်မြက်အောင် ပြုစုပျိုးထောင်ကြရန်လိုအပ်ပါကြောင်း၊ ထို့ပြင် လူတိုင်းသက်ရှည်ကျန်းမာစွာဖြင့် သက်တမ်းစေ့နေနိုင်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် သား၊ ငါး၊ ဥ၊ နို့နှင့် ဟင်းသီးဟင်းရွက် စသည့်အာဟာရများ သင့်တင့်မျှတစွာ စားသုံးကြရန်လည်းလိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဘန်းယဉ်၊ နားခိုက်၊ တဘက်၊ တောင်ရှေ့၊ ဘန့်ဘွီး၊ နောင်မွန်၊ နောက်ကျော၊ ပုံးအင်း၊ လွယ်ပွတ်၊ ပါလောပါကယ်ကျေးရွာအုပ်စုများရှိ ကျေးရွာ ၂၉ ရွာနှင့် ကျောက်တလုံးမြို့နယ်တို့၏ ပညာရေး၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်းလိုအပ်ချက်များ၊ သောက်ရေလှောင်ကန်နှင့် အဝီစိတွင်းများတူးဖော်နိုင်ရေး၊ ဆိုလာယူနစ်ဖြင့် အိမ်တိုင်းစေ့မီးရရှိရေးနှင့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်နိုင်ရေးတို့အတွက် ဖြည့်ဆည်းပေးပြီး သက်ကြီးဘိုးဘွားများအတွက် အဝတ်အထည်များနှင့် လူငယ်လူရွယ်များအတွက် အားကစားပစ္စည်းများကို ပေးအပ်ခဲ့သည်။

ထို့နောက် ညောင်ရွှေမြို့နယ် တိလောကျေးရွာရှိ ရှမ်းရိုးမမွေးမြူရေးဇုန်၌ ဇုန်အတွင်းနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေကြသူများအနေဖြင့် စီးပွားရေးအရ တွက်ခြေကိုက်စေရန်နှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် တစ်ပိုင်တစ်နိုင်မွေးမြူခြင်းမှ တစ်အုပ်တစ်မ မွေးမြူလုပ်ကိုင်ကြရန် လိုအပ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့်လည်း ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏လိုအပ်လျက်ရှိသည့် သားငါးကဏ္ဍတိုးတက်စေရန်အတွက် ပြည်ပမှ တင်သွင်းသည့် နို့စားနွား၊ အသားစားနွား၊ ဆိတ်၊ ဝက်၊ ဘဲ အစရှိသည့် မျိုးကောင်းမျိုးသန့်များကို မွေးမြူသူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# မအူပင်မြို့နယ် ဂလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၂၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးသည် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ဂလုံးကျေးရွာ၌ ဒေသခံများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာဖွံ့ဖြိုးရေးချေးငွေဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားသော ကွမ်းခြံ၊ ဝက်ခြံ၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း၊ ရေလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်အိမ်ဆိုင်ဖွင့်လှစ်ထားမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ချယ်ရီကူးတို့ရေယာဉ်သုံးစင်းတင်ဆောင်သည့်သင်္ဘော ဂျပန်နိုင်ငံမှ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၀။** ဂျပန်နိုင်ငံအစိုးရ (JICA)၏ အကူအညီအထောက်အပံ့ဖြင့် ဟီရိုရှီးမားမြို့ နာကာတာနီလွန်းကျင်း၌ အသစ်တည်ဆောက်ခဲ့သော ရန်ကုန်မြစ်တွင်းသွား ချယ်ရီကူးတို့ရေယာဉ်သုံးစင်းတင်ဆောင်သည့် ရေယာဉ်တင်သင်္ဘော “MV Paula” သည် အောက်တိုဘာ ၁၉ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဂျပန်နိုင်ငံမှ စတင်ထွက်ခွာလာခဲ့ပြီဖြစ်ကြောင်းနှင့် ခရီးလမ်းတွင် ကြန့်ကြာမှုများမရှိပါက သီလဝါဆိပ်ကမ်းသို့ အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက် အတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(ပို့ဆောင်ရေး)**

## ပြည်တွင်းရေးရာ



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်းဆရာတော်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် အောက်တိုဘာ ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးမြို့ ရန်အောင်မြင်ခန်းမ၌ တပ်နယ်မှ အရာရှိ/စစ်သည် မိသားစုများအား တွေ့ဆုံ အမှာစကားပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်းနှင့်တပ်နယ်မှ အရာရှိ/စစ်သည် မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူထဲက ပေါက်ဖွားလာသည့် ပြည်ထောင်စုတပ်မတော်ဖြစ်သည်နှင့်အညီ ပြည်သူနှင့် တညီတညွတ်တည်းဖြစ်စေရန် အသိတရားဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ တစ်ဖက်မှလည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်လုပ်ကြရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်ဖော်ဆောင်နိုင်ရန် တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရှိအောင် အသုံးချရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အားကစားပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်ပြီး အရာရှိ/စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးဦးဆောင်သည့် အဖွဲ့သည် မဟာအောင်မြေမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်းဆရာတော်ကြီး အဘိဇမဟာရဋ္ဌဂုရု အဘိဇမဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တအဂ္ဂိယအား ဖူးမြော်ကြည်ညိုကာ**(ယာပုံ)** နဝကမ္မ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

**(မြဝတီ)**

# မကွေးတိုင်းဒေသကြီးရှိ လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် ပခုက္ကူ-ပေါက်-ကျောက်ထုလမ်း၌ မိုးရွာသွန်းမှုကြောင့် ကမ်းမဖြူချောင်း ရေကျနေမှုနှင့်လမ်းကြောင်းအခြေအနေနှင့် ပုသိမ်-မုံရွာလမ်း မိုင်တိုင် (၃၈၀/၂ နှင့် ၃၈၁/၁)ကြားတွင် တည်ဆောက်နေသော အမှတ် (၂) ပေါက်တံတား (ရေပြာ)တည်ဆောက်ရေးလုပ်ငန်းခွင်၌ ကတ္တရာကွန်ကရစ် (AC) ခင်းနေမှု၊ တံတားလက်ရန်းများနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**(ဝဲပုံ)**



ထို့နောက် ဆိပ်ဖြူ-ကန်တော်-ပေါက်လမ်းပေါ်ရှိ အမှတ်(၁)ပေါက်တံတား (အုန်းတော)၌ချဉ်းကပ်လမ်းတံတား ရက်မတင်ခြင်းလုပ်ငန်းများနှင့် ကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆိပ်ဖြူ-ကဇွန်းမလမ်း၊ ဆိပ်ဖြူ-တညောင်-စလင်းလမ်းနှင့် စလင်း-စေတုတ္တရာလမ်း(စလင်း-ကံပြားလမ်းအပိုင်း) ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ပုသိမ်-မုံရွာလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ရွှေစက်တော်ဘုရားလမ်း လမ်းချဲ့ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်အတည်ပြုခဲ့ပြီးဖြစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရေးတိုးမြှင့်စေရန် ဆန္ဒရှိကြသည်ဖြစ်၍လည်းကောင်း၊ နှစ်နိုင်ငံပြည်သူများအကြားအပြန်အလှန် ခရီးသွားရာတွင် လွယ်ကူစေရန်လည်းကောင်း နှစ်နိုင်ငံအစိုးရတို့အကြား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအား ၁၄ ရက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို သံတမန်လမ်းကြောင်းမှတစ်ဆင့် လဲလှယ်ခဲ့ပြီး ၎င်းနားလည်မှုစာချွန်လွှာသည် ၁-၉-၂၀၁၄ ရက်တွင် အတည်ပြုအသက်ဝင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၀**

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုင်းတုံမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ စဥ့်ကူး(စိုက်ပျိုးရေး)တွင် ၁ ဒသမ ၃၅ လက်မ၊ မြစ်ကြီးနားမြို့တွင် သုည ဒသမ ၈၇ လက်မ၊ ရန်ကုန် (ကမ္ဘာအေး)တွင် သုည ဒသမ ၆၇ လက်မနှင့် ဆောမြို့တွင် သုည ဒသမ ၆၃ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**○ ဆူဇူကီးဖလားမှ**

နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းနှင့်လာအိုအသင်းတို့မှာ အုပ်စုဗိုလ်ဖြင့် ခြေစစ်ပွဲအောင်ရေးအတွက် နှစ်သင်းစလုံးကြိုးစားခဲ့ကြသည်။ မြန်မာအသင်းမှာ ပွဲအစတွင် ဂိုးသွင်းခွင့်များရရှိသော်လည်း ကန်ချက်မမှန်ခြင်း၊ စိတ်ဆန္ဒစောနေခြင်းတို့ကြောင့် ဂိုးမရရှိသေးဘဲ ပထမပိုင်းပြီးခါနီး ၄၃ မိနစ်တွင် နန္ဒလင်းကျော်ချစ်က လာအိုဂိုးစည်းအတွင်းသို့ ဘောလုံးဆွဲယူပြီး ကန်သွင်းသဖြင့် ဂိုးရရှိခဲ့သည်။ ပထမပိုင်းအပြီးတွင် မြန်မာအသင်းကတစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းနှင့် လာအိုအသင်းတို့ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ကစားခဲ့ကြပြီး ပွဲချိန်မိနစ် ၈၀ တွင် မြန်မာအသင်း ပယ်နယ်တီကန်ခွင့်ရရှိ၍ အဆိုပါ ပယ်နယ်တီကို ကျော်ကိုကိုက ကန်သွင်းရာ ဂိုးဝင်သဖြင့် မြန်မာတို့က နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။ ပွဲပြီးခါနီး အချိန်ပိုတွင် လာအိုအသင်းမှ ဆွစ်ဆာဗန်က ပယ်နယ်တီမှ ဂိုးကန်သွင်းခဲ့သဖြင့် ပွဲအပြီးတွင် မြန်မာအသင်းက အိမ်ရှင်လာအိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ခြေစစ်ပွဲကို အုပ်စုဗိုလ်ဖြင့် အောင်မြင်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဗိုလ်ဖြင့် အောင်မြင်ခဲ့သဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၂၄ ရက်တွင် ကျင်းပမည့် (၂၀၁၄) ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု(က)၌ ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်တို့နှင့် အုပ်စုပွဲ ကစားရမည်ဖြစ်သည်။

လာအိုအသင်းမှာ အုပ်စုဒုတိယရရှိသဖြင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ နိုဝင်ဘာ ၂၅ ရက်တွင် ကျင်းပမည့် အုပ်စုပွဲတွင် အုပ်စု(ခ) ၌ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူတို့နှင့် ကစားရမည်ဖြစ်သည်။

**သီဟ-ရေးသည်**

**●အာရှယူ-၁၉မှ**

လှုင်ယ်အားကစားလေ့ကျင့်ရေး စခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ မြန်မာယူ-၁၉ အသင်းနှင့် ကာတာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာတာအသင်းက အိမ်ရှင်မြန်မာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

မြန်မာယူ-၁၉အသင်းတွင် ဂိုး-မျိုးမင်းလတ်၊ နောက်တန်း ထိုက်ထိုက်အောင်၊ သီဟထက်အောင်၊ နန္ဒကျော်၊ အလယ်တန်း ရန်နိုင်ဦး၊ ကျော်မင်းဦး၊ မျိုးကိုထွန်း၊ မောင်မောင်စိုး၊ ငြိမ်းချမ်းအောင်၊ ရှေ့တန်း အောင်သူနှင့် သန်းပိုင်တို့ပါဝင်ကစားခဲ့ကြသည်။

ပွဲစသည်နှင့် ကာတာအသင်းက မြန်မာအသင်းဘက်ကို ဖိအားပေးကစားခဲ့ရာ တိုက်စစ်မှူး မော့ဇ်ရဲ့ခေါင်းတိုက်ဂိုးသွင်းမှုတွေကို ဂိုးသမားမျိုးမင်းလတ်က အကောင်းဆုံး ကာကွယ်နိုင်ခဲ့ပြီး မြန်မာနောက်တန်းကစားသမားများက ခံစစ်ကြောင်းကို အမှားအယွင်းမရှိ ကာကွယ်နိုင်မှုတို့ကြောင့် ပထမပိုင်းတစ်လျှောက် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲရှိနေခဲ့ရာ ပထမပိုင်းပြီးခါနီး နာကျင်အချိန်ပိုတွင် ကာတာအသင်းတိုက်စစ်မှူး မော့ဇ်က ထောင့်ကန်ဘောမှတစ်ဆင့် အဖွင့်ဂိုးကိုသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက ချေပဂိုးရရှိရေးအတွက် ကာတာအသင်းဘက်သို့ ပြန်လည် ဖိကစားလာရာ ပွဲချိန် ၆၁ မိနစ်တွင် အောင်သူက မြန်မာအသင်းအတွက် ချေပဂိုးကို သွင်းယူနိုင်ခဲ့သည်။ ဆက်တိုက်ဆိုသလို မြန်မာအသင်းက ပွဲချိန် ၆၄ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် ငြိမ်းချမ်းအောင်က မြန်မာအသင်းအတွက် ဦးဆောင်ဂိုးအဖြစ် သွင်းယူပေးခဲ့သည်။မမျှော်လင့်ဘဲ ဦးဆောင်ဂိုးပေးလိုက်ရသည့်အတွက် ကာတာအသင်းသည် မြန်မာအသင်းဘက်သို့ ပြန်လည်ဖိကစားလာရာ ပွဲချိန် ၇၅ မိနစ်တွင် ကာတာအသင်း ရရှိခဲ့သော ပြစ်ဒဏ်ဘောကို အာဖစ်က ချေပဂိုးအဖြစ် တိုက်ရိုက်ကန်သွင်းခဲ့သည်။ ပွဲချိန်မိနစ် ၉၀ ပြည့်သည်အထိ ထပ်မံဂိုးမသွင်းယူနိုင်တော့ဘဲ နှစ်ဂိုးစီ သရေဖြစ်နေသောကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အချိန်ပို ပထမပိုင်းအစ တစ်မိနစ်တွင် ကာတာအသင်း ရရှိခဲ့သောထောင့်ကန်ဘောကို အက်ဒူလာက သွင်းယူခဲ့ပြီး ကာတာအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် ပြန်လည်ဦးဆောင်ခဲ့သည်။ မြန်မာယူ-၁၉ အသင်းသည် အချိန်ပို ဒုတိယပိုင်းပြီးဆုံးခါနီးတွင် ချေပဂိုးရရှိရန် နီးစပ်ခဲ့သော်လည်း ကာတာအသင်းဂိုးသမား ကာကွယ်နိုင်ခဲ့သောကြောင့် ပွဲအပြီးတွင် သုံးဂိုး-နှစ်ဂိုးဖြင့် ကာတာအသင်းအနိုင်ရရှိခဲ့သည်။ အိမ်ရှင်မြန်မာယူ-၁၉ အသင်းသည် ယခုပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်း ယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။ အခြားတစ်ဖက်တွင် ယှဉ်ပြိုင်ကစားခဲ့သော မြောက်ကိုရီးယားနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ပွဲစဉ်တွင် မြောက်ကိုရီးယားအသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆီမီးဖိုင်နယ်တွင် ရှုံးနိမ့်ခဲ့သော အိမ်ရှင် မြန်မာယူ-၁၉ အသင်းနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ပူးတွဲတတိယရရှိခဲ့သည်။

၂၀၁၄ အာရှယူ-၁၉ ပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်ကို အောက်တိုဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ လှုင်ယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ မြောက်ကိုရီးယားအသင်းနှင့် ကာတာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ဇော်**



**မြန်မာအသင်းနှင့် ကာတာအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။**

ဓာတ်ပုံ-စိုးညွန့်

# ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်အား စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ကျောင်းဆောင်သစ်ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများနှင့် လက်တွေ့ခန်း၌တွေ့ဆုံကာ ပညာကြိုးစားသင်ယူကြရန်၊ လက်တွေ့သင်ခန်းစာများကို ကြိုးကြိုးစားစား လုပ်ဆောင်ကြရန်၊ လက်တွေ့လုပ်ငန်းများကိုဆောင်ရွက်ရာ၌ အမှန်တကယ်လိုအပ်သည့် လက်တွေ့ပစ္စည်းများကို စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်နိုင်ရေးအတွက် စီစဉ်ရန်၊ လက်တွေ့ခန်းများအား စနစ်တကျဖြစ်ရန်နှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်း စိမ်းလန်းစိုပြည်မှုရှိစေရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရေစကြိုမြို့နယ် ဆင်ချောင်း(စံပြ) ကျေးရွာ၌ ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**ရေစကြို အောက်တိုဘာ ၂၀**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဆင်ချောင်း(စံပြ)ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား၌ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာရေးဘတ်ဂျက်များကို တိုးမြှင့်ဆောင်ရွက်ပေးနေပါကြောင်း၊ မူလတန်းနှင့် အလယ်တန်းအဆင့်ကို အခမဲ့ပညာသင်ခွင့်ချမှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ တစ်မျိုးသားလုံးပညာရည်မြင့်မားအောင် ကျောင်းနေအရွယ်ကလေးတိုင်း အလယ်တန်းအဆင့်အထိ ပညာတတ်မြောက်စေလိုသည့်အတွက် ဤသို့ဆောင်ရွက်ပေးနေခြင်းဖြစ်သည်ကို ပြည်သူလူထုမှ သိရှိနားလည်ကြရန် လိုအပ်ပါကြောင်း၊ မိဘများအနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးတိုင်းကို အခြေခံပညာတတ်မြောက်စေရန် စာသင်ကျောင်းများသို့ မဖြစ်မနေပို့ဆောင်ပေးရမည့် တာဝန်ရှိပါကြောင်း၊ ပညာရည်တိုးတက်မြင့်မားရေးသည် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ပြီး အားလုံးပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းလျှောက်လှမ်းရာတွင် ကိုယ်ချင်းစာတရားရှိပြီး စာနာနားလည်တတ်ရန် လိုအပ်ပါကြောင်း၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လူတိုင်းလိုက်နာရန်လိုအပ်ပါကြောင်း၊ တာဝန်ဝတ္တရားများကို လူတိုင်း ကျေပွန်ရမည် အထူးသဖြင့် နိုင်ငံသားတာဝန်ကို ကျေပွန်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်တာဝန်ရှိသူများသည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ပြီး ပညာသင်ကြားရေး အထောက်အကူပြု စာအုပ်စာတမ်းများ၊ ဗလာစာအုပ်များ၊ အလှူငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များရောင်းချပွဲ နောက်ဆုံးနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ ရောင်းချပွဲနောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်နှင့် ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်တို့ လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များဝယ်ယူရန်သတ်မှတ်ကာ ဈေးနှုန်းအဆိုပြုထားခဲ့သော ကျောက်စိမ်းအတွဲများကို ဝယ်ယူနိုင်စေရန် အောင်မြင်သည့်တင်ဒါများကို ဖွင့်ဖောက်ကြေညာပေးသည်။

အဆိုပါရောင်းချပွဲကို အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၆၉၈၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မိခင်နှင့်မွေးကင်းစကလေးများ ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ဘဏ်က ချေးငွေဒေါ်လာ သန်း ၁၀၀ ကူညီမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံရှိ မိခင်နှင့်မွေးကင်းစကလေးများ ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ဘဏ်အုပ်စု၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအသင်းမှ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ ကူညီသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ဒါရိုက်တာဘုတ်အဖွဲ့မှ အောက်တိုဘာ ၁၄ ရက်က အတည်ပြုလိုက်သည်။

ယင်းစီမံချက်သည် မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ် ၃၃၀ တွင်ရှိသော ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေး လေးသန်းကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ရေရှည်ရည်မှန်းချက်ဖြစ်သည့် "လူတိုင်းလွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး"ကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုတွေမှာ ငွေကြေးသုံးစွဲတာဟာ နိုင်ငံရဲ့အနာဂတ်အတွက် ကြီးကြီးမားမား ရင်းနှီးမြှုပ်နှံဆောင်ရွက်တာဖြစ်တယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေအတွက် ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေပေးနိုင်ဖို့ ဒီစီမံချက်က အောက်ခြေအဆင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ ငွေကြေးပိုမိုသုံးစွဲလာနိုင်အောင် ကူညီပေးသွားနိုင်ပါလိမ့်မယ်"ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာ အဗ္ဗဒူလာရေဆက်က ပြောသည်။

အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအသင်းက ချေးငွေဒေါ်လာသန်း ၁၀၀ ခွင့်ပြုခြင်းသည် မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘဏ်အုပ်စုက အလျင်အမြန်တိုးချဲ့နေသည့် ဆောင်ရွက်မှုများအနက် တစ်ခုဖြစ်ပြီး ကမ္ဘာ့ဘဏ်အုပ်စုသည် ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့်ပူးပေါင်းကာ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်အသစ်တစ်ခုကို စတင်ရေးဆွဲလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ ယခုနှစ် ဇန်နဝါရီလအတွင်းက လာရောက်ခဲ့သည့် ကမ္ဘာ့ဘဏ်အုပ်စု၏ဥက္ကဋ္ဌ ဂျင်ယုံကမ်က မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးအစီအစဉ်များအပေါ် အခြေခံကာ အမေရိကန်ဒေါ်လာသန်း နှစ်ထောင် သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါအစီအစဉ်များတွင် စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ လျှပ်စစ်မီး၊ ကျန်းမာရေး၊ ပညာရေး၊ ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးနှင့် ငွေကြေးဈေးကွက်နှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရေးကြီးသော ဖွံ့ဖြိုးရေးဦးစားပေးကဏ္ဍအဖြစ် ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(သတင်းစဉ်)**

# မြန်မာ-အိန္ဒိယနယ်စပ် ချင်းပြည်နယ်တွင် နယ်စပ်ဈေးများဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**ကလေး အောက်တိုဘာ ၂၀**

ချင်းပြည်နယ်တွင် ပွင့်လင်းရာသီ၌ နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ နယ်စပ်ဈေးများအဖြစ် တီးတိန်မြို့နယ် ဖာတလန်ရွာတွင်လည်းကောင်း၊ တွန်းဇံမြို့နယ် ဒါးရ်ခိုင်ရွာနှင့် နှာလာလ်ရွာတွင်လည်းကောင်း၊ ကျီခါးမြို့နယ်(ခွဲ)တွင် ခင်မန်းရွာနှင့် ဗဟယ်ရွာတွင်လည်းကောင်း၊ ဖလမ်းတွင် သိန်းလက်ရွာနှင့် ထန်တလန်မြို့နယ်တွင် ဒါအူရ်ရွာ၊ ပန်ခွာရွာတို့တွင် နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာ-အိန္ဒိယနယ်စပ်တွင် နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိရာ နယ်စပ်ဈေးနှင့် နယ်စပ်ဒေသရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျကြောင်း ချင်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်က ပြောသည်။

"ချင်းပြည်နယ် ဖွံ့ဖြိုးဖို့ဆိုရင် ကျေးလက်ဒေသလမ်းတွေ၊ နယ်စပ်ဒေသနဲ့ ဆက်သွယ်တဲ့လမ်းတွေ ကောင်းဖို့လိုတယ်၊ မြို့ချင်းဆက်လမ်းတွေမှာတောင် မိုးရာသီဆိုရင် မကြာခဏ ကားလမ်းပိတ်နေတာ၊ မြေပြိုကျပျက်စီးနေတာတွေရှိတယ်၊ လမ်းတွေကောင်းမှ ဆက်သွယ်ရေးကောင်းပြီး ပစ္စည်းကောင်းတွေ ရနိုင်မယ်၊ ကုန်သည်တွေ၊ ဈေးသည်တွေ အဝင်အထွက်ရှိမယ်၊ ကုန်စည်စီးဆင်းမှုရှိမယ်၊ ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းတွေရမယ်၊ လမ်းမကောင်းရင် ဒေသတွင်း ဘာမှထူးခြားလာမှာမဟုတ်ဘူး"ဟု ထန်တလန်ဒေသခံတစ်ဦးက ပြောသည်။

"နယ်စပ်ဈေးတွေ ဖွင့်တာတော့ ကောင်းပါတယ်၊ ဒါပေမယ့် တရားမဝင်ပစ္စည်းတွေဝင်လာမှာကိုတော့ ထိထိရောက်ရောက် တားဆီးဖို့လိုမယ်၊ နောက်ပြီး ပြည်ပနိုင်ငံခြားသားတွေဝင်ရောက်လာမှာကိုလည်း ထည့်တွက်ထားရမယ်၊ မူးယစ်ဆေးဝါးတွေကို ပြင်းပြင်းထန်ထန် တားဆီးပေးထားနိုင်ရမယ်"ဟု ကလေးမြို့မှ ချင်းတိုင်းရင်းသား ဦးဘွာဆိုင်းက ပြောသည်။

**(လင်းလက်ကြယ်စင်)**

❒

# အလုံမြို့နယ် ကမ်းနားလမ်းသစ် ကွန်ကရစ်လမ်းမပေါ်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်

**ရန်ကုန် အောက်တိုဘာ ၂၀**

အောက်တိုဘာ ၂၀ ရက် နံနက် ၁၁ နာရီခွဲခန့်က တောင်မှ မြောက်သို့ ကမ်းနားလမ်းသစ်အတိုင်း ယာဉ်မောင်း ဦးမျိုးညွန့် တောင်ဒဂုံမြို့နယ်နေသူ မောင်းနှင်လာသော Hino Dutro အမျိုးအစား 1H/----ကုန်တင်ယာဉ်သည် ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဧရာဝတီရပ်ကွက် သခင်မြပန်းခြံအနီး မီးပွိုင့်ရှေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်တိမ်းမှောက်ရာနေရာသို့ အမှတ်(၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု အလုံမြို့နယ်မှ ဒုရဲမှူးမြင့်ဝေနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ အလုံမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ်ဌေးအောင်နှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကာ ယာဉ်မောင်းနှင့် ယာဉ်အား ယာဉ်မှုစစ်ဌာနသို့ လွှဲပြောင်းပေးအပ်ပြီး ယာဉ်တိမ်းမှောက်မှုကြောင့် ဝဲဘက်တံခါးမှန်ကွဲသွားကြောင်း ယာဉ်ပေါ်ပါသူ အမျိုးသားတစ်ဦး ခြေထောက်အနည်းငယ် ဒဏ်ရာရရှိကြောင်း သိရသည်။

**ကိုတင်မောင်ဦး(အလုံ)**



**တိမ်းမှောက်နေသော ကုန်တင်ယာဉ်ကို တွေ့ရစဉ်။**

ပြည်တွင်းရေးရာ

# အင်းလေးဒေသထွက်လှေများကို ယခင်က မြွေပွေးတစ်ရွာတည်းတွင်ပြုလုပ်ရာမှ ယခုအခါ အခြားရွာများပါ ကျယ်ပြန့်စွာပြုလုပ်လာ



ကျွန်းသစ်လုံးဖြင့်ထွင်းထားသော ရှေးက ကုန်ကူးသန်းရာတွင် အသုံးပြုသည့် အင်းလှေကြီး၊ ပြည်မဘက်တွင်တွေ့ရသော လှေများကဲ့သို့ ကျွန်းပြားများစပ်၍ပြုလုပ်ထားသော ကက်လှေ (သို့မဟုတ်)စပ်လှေနှင့် ယခုခေတ်သုံးအင်ဂျင်စက်များတပ်ဆင်မောင်းနှင်ကြရသော စက်လှေ (မော်တော်ဘုတ်)တို့ကို အင်းလေးဒေသတွင် ယခင်က"မြွေပွေး"ရွာတွင် ရှေးယခင်မှစ၍ ယခုခေတ်တိုင် လုပ်ကိုင်လာကြသလို ယခုနောက်ပိုင်းတွင် ကြေးစားဘုန်းရွာနှင့် နမ့်ပန်ကျေးရွာအုပ်စုဝင် ကုံးကယ်ရွာအထိ ကျယ်ပြန့်စွာ လုပ်ကိုင်နေကြပြီဖြစ်ကြောင်း သိရသည်။

"အင်းလေးဒေသမှာ ဆွဲလှေနဲ့ ပြိုင်လှေဆိုပြီး နှစ်မျိုးရှိပါတယ်၊ ဆွဲလှေဆိုတာ အင်းလေးဒေသမှာ ရှေးပဝေသဏီထဲက အစဉ်အလာအရ ကျွန်းသစ်များနဲ့ ဆက်စပ်ပြုလုပ်ထားတဲ့ ပြိုင်လှေကြီးကို ခေါ်တာပါ။ အဲဒီဆွဲလှေကြီးများကို တောင်ပေါင်း ၅၀၊ တောင်ပေါင်း ၆၀ နဲ့ တောင်ပေါင်း ၁၀၀ စသဖြင့် ရှည်ရှည်လျားလျားပြုလုပ်ထားတတ်ကြပါတယ်၊ လှေကြီးရဲ့ဦးပိုင်းနဲ့ ပဲ့ပိုင်းမှာ နဂါးမောက်လို့ခေါ်တဲ့ ချွန်ထက်ပြီး အထက်ကိုကြွရှုပြီးမော့တက်နေတဲ့ အမောက်နှစ်ခုစီတပ်ထားပါတယ်၊ ပုဂံက ယွန်းထည်များကို ချောအောင်ပွတ်တိုက်ပြီး သစ်စေးနဲ့ အရောင်တင်ထားသလို လှေဝမ်းရဲ့ အပြင်ကျောဘက်နဲ့ နဂါးအမောက်များကို ချောမွတ်အောင် သစ်စေးနဲ့အရောင်တင်ထားရပါတယ်"ဟု အင်းလေးဒေသခံ လှေသမားတစ်ဦးက ပြောသည်။

အဆိုပါလှေကြီးများကို ဆွဲလှေ(သို့မဟုတ်) ပြိုင်လှေအဖြစ်အသုံးပြုလိုသည့်အခါ သစ်၊ ဝါးတို့ဖြင့် ပြုလုပ်ထားသော လက်ကိုင်တန်းများပါသည့် စင်ကို လှေဝမ်းထဲထည့်အသုံးပြုရရာ ယင်းကို လှေစင်ဟုခေါ်ကြောင်း သိရသည်။ အဆိုပါ လှေစင်ကို လှေဦးမှလှေပဲ့အထိ ထည့်ပြီးလျှင် လှေလှော်သူတို့က လှေ၏ဝဲယာ လှေနံတစ်ဖက်စီ၌ စီး၍ လှော်ခတ်ကြရပြီး ခြေတစ်ဖက်ဖြင့် လှေနံကို နင်းပြီးလျှင် ယင်းနှင့်ဝဲယာတူလက်တစ်ဖက်ဖြင့် လှေစင်၏တန်းကို ကိုင်ထားရသည်။ ခြေတစ်ဖက်ဖြင့် လှေစင်၏တန်းကို ကိုင်ထားရပြီး ကျန်ခြေတစ်ဖက်ဖြင့် လှော်တက်ရိုးကို တံကောက်ချိတ်ပြီးလျှင် (ယင်းနှင့်ဝဲယာတူ)လက်တစ်ဖက်ဖြင့် လှော်တက်၏အရိုးဖျားကိုကိုင်ကာ တက်ကိုခြေဖြင့် ရှေ့သို့ချိုပ့်ပစ်တင်၍ နောက်သို့ တစ်ဖန် ဆွဲငင်လှော်ခတ်ရသည်။ ထိုအခါ တွန်းကန်အားဖြစ်ပေါ်လာပြီး လှေသည်ရှေ့သို့ ရွေ့လျားသွားသည်။ ယင်းနည်းဖြင့် လှေဦးမှဦးစီးရသူ လှေဦးစီး(ဝဲ/ယာ)နှစ်ယောက်တို့က တက်ကို အနုတ်အသွင်းပြိုင်တူပြုလုပ်၍ အချက်ပေးလှော်ခတ်ကြရာ နောက်လူတို့ကလည်း ထိုသူတို့၏ တက်ချက်အတိုင်း ပြိုင်တူလိုက်၍ တက်ချက်ညီညီလှော်ခတ်ကြရလေသည်။

ဆွဲလှေ(သို့)ပြိုင်လှေတစ်စင်းလျှင် အရွယ်အားလျော်စွာ လှော်သူ ၂၈ ဦး၊ ၄၆ ဦး၊ ၁၀၀ စသဖြင့် စီးကြလေ့ရှိပြီး ဤလှေမျိုးကို လှေပြိုင်ပွဲများ ပြုလုပ်သည့်အခါ "ပြိုင်လှေ"အဖြစ်အသုံးပြု၍ ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီတော်မူသောအခါ ကရဝိက်ဖောင်တော်ကြီးကို ကြိုဆွဲယူရသည့် "ဆွဲလှေ"အဖြစ် အသုံးပြုကြကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



**ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများ စုပေါင်း၍ ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးဝင်း အတွင်း အမှိုက်များ၊ မြက်ပင်များ၊ သစ်ပင်အိုများ ခုတ်လှဲခြင်း၊ ရေနုတ်မြောင်း တူးဖော်ခြင်း၊ လူနာစောင့် နားနေဆောင် ကြမ်းခင်းခြင်း၊ ဆေးသုတ်ခြင်းတို့ကို အောက်တိုဘာ ၂၀ ရက်က ဆောင်ရွက်ကြစဉ်။** (ပဲခူးသား)



# ဂန့်ဂေါမြို့တွင် မြန်မာ့ရိုးရာပန်းပဲလုပ်ငန်း ဆက်လက်ထိန်းသိမ်းသူများကြောင့် အဆင်ပြေ

**ဂန့်ဂေါ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် မြန်မာ့ရိုးရာ ပန်းပဲလုပ်ငန်းကို ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းသူများကြောင့် တောခုတ်တောင်ယာလယ်လုပ်သူများ မိမိစိတ်ကြိုက် ဓား၊ ခွန်၊ ပေါက်တူး၊ ပုဆိန်များကို လွယ်ကူစွာ ရရှိနေ၍ အဆင်ပြေနေကြောင်းသိရသည်။

"ဂန့်ဂေါမြို့နယ်မှာဆိုရင် ပန်းပဲလုပ်တဲ့သူတွေဆိုလို့ သုံးဦးလေးဦးလောက်ပဲ လုပ်တော့တယ်။ အဓိကလုပ်ရတာက ခွန်တို့၊ ချင်းပုဆိန်တို့ အဓိကလုပ်ရတယ်၊ နောက်ပြီး ဓားတွေလုပ်ရတယ်၊ ပေါက်တူးတွေလုပ်ရတယ်၊ တစ်မျိုးတစ်မျိုးကို တစ်နှစ်ဆိုရင် အလက်ပေါင်းတစ်ရာကျော်လောက် လုပ်ရမယ်လို့ ခန့်မှန်းပါတယ်၊ အဓိက ဝယ်တဲ့သူတွေကတော့ ချင်းတောင်ပေါ်က အများဆုံးဝယ်ကြတယ်"ဟု ပန်းပဲလုပ်ငန်းလုပ်ကိုင်နေသူ ဦးကြီးငယ်က ပြောသည်။

"ပန်းပဲလုပ်ငန်းက လုပ်ကိုင်တဲ့သူတွေ ရှားတယ်ဆိုပေမယ့် တွက်ခြေကတော့ သိပ်မကိုက်ပါဘူး၊ မီးသွေးကလည်း ဝယ်ရတယ်၊ ရှားမီးသွေးဆိုတာ မရှိတော့ဘူး၊ ဒါကြောင့် လုပ်ရကိုင်ရတာ ကြာတယ်၊ အလုပ်သမားခကလည်း ဈေးကြီးလာတယ်၊ ခွန်တစ်လက်မှာ ကျပ် ၄၅၀၀ ဆိုတော့ တစ်မနက်ကို အနည်းဆုံးခွန် လေး၊ ငါးလက်ပြီးမှ တွက်ခြေကိုက်တယ်"ဟု ၎င်းကဆိုသည်။

ဂန့်ဂေါမြို့၏ ပန်းပဲလုပ်ငန်းများတွင် သံကို ကားလေးသံအသုံးပြုမှုများပြီး ပဲ့ခြင်း၊ ရွဲ့ခြင်းများမရှိဘဲ ရောင်းတန်းဝင်ပစ္စည်းများတွင် ခွန်တစ်လက် ကျပ် ၄၅၀၀၊ ချင်းပုဆိန် ကျပ် ၃၀၀၀၊ ပေါက်တူး ကျပ် ၁၅၀၀ ရောင်းရကာ ချင်းပြည်နယ်တောင်ပိုင်း မတူပီ၊ မင်းတပ်၊ ကျောက်ထု အရပ်ဒေသအထိ ရောင်းရပြီး အောက်အရပ်ဒေသများဖြစ်သော ကန်၊ မြောက်ခင်ရန်း၊ မွေ့လည်ဒေသအထိ ရောင်းချပေးရကြောင်း သိရသည်။

**(လင်းလက်ကြယ်စင်)**

မစ္စတာမြန်မာ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ
Mr. Myanmar Travel and Tours
Bangkok Singapore HongKong
ဂျပန် ကိုရီးယား တရုတ် ဩစတြေးလျ ဗီယက်နမ် ဖူးခက်ကမ်းခြေ ဝင်ကာပူ-မလေးရှား ဗီယက်နမ်-ကမ္ဘောဒီးယား
*** လူဦးရေ ၅ ယောက်နှင့်အထက် စာရင်းပေးသွင်းပါက တစ်ဦးချင်းစီအတွက် DISCOUNT များဖြင့် ကျေးဇူးတုံ့ပြန်နေပါတယ် ခင်ဗျာ။ ***
တိုက်(၂၉/၃၀)၊ ပထမထပ်၊ ဗဟိုရိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ် TEL: 228828, 0973211140, 0943185215

တရုတ်ပြည် သို့ ရင်ခုန် ပျော်ရွှင်ဖွယ် SHWE MYANMAR ခရီးစဉ်များ
• ပီကင်း ...... ဆီအန်း ➤ (၇)ရက်
• ပီကင်း ...... ထျန်းကျင်း ➤ (၈)ရက်
• ပီကင်း ...... ဟွာဒုန်း(၅)မြို့ ➤ (၁၀)ရက်
• ချန်ဒူး ...... ကျိုကျိုက်ကုန်း ➤ (၇)ရက်
• ချန်ဒူး ...... ယန်စီမြစ်ဝှမ်း ➤ (၇)ရက်
• ကူမင်း ...... တာ့လီ ...... လီကျန်း ➤ (၇)ရက်
ဟောင်ကောင်
• ရှန်းကျန်း ...... မကာအို ➤ (၆)ရက်
• မကာအို ➤ (၅)ရက်
• သီးသန့်(၄) ရက်
(အပတ်စဉ် ထွက်ပြီ)
အမြန်ဆုံး စာရင်း ပေးသွင်းနိုင်ပါပြီ
အောက်ပါ ခရီးသွား ကုမ္ပဏီများ ထံတွင်ဝယ်ယူရရှိနိုင်ပါသည်။
• FRIENDS OF NATURE T & T - 012306177 ,095048059
• DAWN KNIGHT T & T - 01372097 , 0973051621
• COS TOUR - 01 525280 , 532440 , 2305824 - 5
• HUB ZONE T & T - 09 450024868 ,5407637 , 5158678
• GREEN HOLIDAY T & T - 01546668 , 0973147688 ,5200747
• YANG SISTERS T & T - 01215906 ,09425327767
• NANO T & T - 095043174 ,73006382
• PAN THU KHA T & T - 01 2304567 , 09 5095586
• FIREFLY T & T - 01 391019,376168 , 09 5026486
• PRO ASIA T & T - 09 421179583 ,400426362

ဒေါင်းမင်း Travel ကျိုက်ထီးရိုး (နေ့စဉ်)
ကျိုက်ထီးရိုး၊ ကျိုက်ထီးဆောင်း၊ မဲလဲ၊ ကျောက်ပိရဟန္တာ ဘုရားစုံ 15000
ပုပ္ပါး၊ ပုဂံ၊ ဇွဲကပင်ဘုရား၊ ပဒုမ္မာ၊ ဟိုတယ်တည်း၊ မားသောက်ဆိုင်ကျွေး 55000
09-425355758, 09-255913926

မင်္ဂလာပါ Oct 17, 24, 31 Nov 4, 5
ကျိုက်ထီးရိုး (နေ့စဉ်) ၅-ဦးဝယ် ၁-ဦး Dis ၁-ဦးဝယ် 10% Dis
Fully Air-con Express
တောင်ကြီး၊ အင်းလေး၊ ထမ်ဖိုင်း 45000
ပုဂံ(ဇွဲကပင်ဘုရား)၊ ပဒုမ္မာ 35000
09-420051117,01-387973

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

မြေကွက်ရောင်းမည်
၁။ မြောက်ဒဂုံ၊ ၄၈-ရပ်ကွက်၊
U-9.၊အမှတ်(၁၂၃)၊ ထောင့်ကွက်၊
အကျယ်-4840 sqft
(1sqft-150000)
၂။ အမှတ်( )၊ ထောင့်ကွက်
အကျယ်-5300 sqft
(1sqft-100000)
ဆက်သွယ်ရန်ဖုန်း-၀၉-၅၅၇၀၇၀၀၊
၀၉-၇၃၂၅၄၇၂၈

GOLDEN STAR ခရီးသွားလုပ်ငန်း
☆ကျိုက်ထီးရိုး၊ ချောင်းသာ(နေ့စဉ်)
☆ငွေဆောင်(သော်ကြာ) ကားမျိုးစုံ စီးလုံးငှားသည်။
Ph: 209200, 430480, 544383, 703448, 705968

Modern Myanmar Travels ကားမျိုးစုံ ဝင်းလုံးငှား အထူးဆောင်ရွက်ပေးသည်။
+တောင်ကြီး မီးပုံးပျံပွဲတော် + ပြင်ဦးလွင် မီးပုံးပျံပွဲတော် Nov4
+ပုဂံ၊ ညောင်ဦး (ဇွဲကပင်ဘုရား)Oct 24,31 ကျိုက်ထီးရိုး(နေ့စဉ်)
+ငွေဆောင် (သော်ကြာ) (၂-ညအိပ်/၃-ရက်)ခရီး အဆင့်မြင့် Hotel - 68000
+ချောင်းသာ (နေ့စဉ်) အဆင့်မြင့် Guest House Package - 32000
၂၃၆၊ ၃၉လမ်း(အထက်)၊ ကျောက်တံတား 09-450047016,09-253540004

iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Galaxy Software Services Co., Ltd
ကျွမ်းကျင်ဝန်ထမ်းပေါင်း(၅၀)ကျော်ဖြင့် Customer ပေါင်း(၁၃၀၀)ကျော်ကို မြန်မာတစ်နိုင်ငံလုံးအနှံ့ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။
Website : www.galaxy.com.mm
Contact Us ...
YGN 09-73138079, 09-254151516
09-43064181
MDY 09-31406813, 09-91050973

အနုပညာ

# လွမ်းရတဲ့ ဂျူဗလီ

ပန်းချီဝင်းမြင့်မိုး

မြန်မာ့ရိုးရာယဉ်ကျေးမှုကို မြှင့်တင်သောအားဖြင့် ဩဂုတ် ၁၇ ရက်က မန္တလေးအမျိုးသားကဇာတ်ရုံ၌ အနုပညာဦးစီးဌာနမှ စီစဉ်တင်ဆက်သော မြန်မာ့ရိုးရာယဉ်ကျေးမှုအကများကို လုပ်သားပြည်သူများနှင့် နိုင်ငံခြားသား ဧည့်သည်များ ကြည့်ရှုကြရကြောင်း သိရသည်။ ထိုသတင်းကြားရသည့်အခါ ဝမ်းသာကြည်နူးခြင်းနှင့်အတူ ကျွန်တော်၏အတွေးများသည် အတိတ်ဆီသို့လွင့်ပျံ့သွားတော့သည်။ ကျွန်တော်သည် ယဉ်ကျေးမှုကဇာတ်ဌာနတွင် ပန်းချီဆရာအဖြစ် ၁၉၇၆ မှ ၁၉၈၅ အထိ တာဝန်ထမ်းဆောင်ခဲ့ရာ ကြုံဆုံခဲ့ရပုံများကို ပြန်လည်တင်ပြချင်သည်။ ထိုစဉ်က ကဇာတ်ဌာနတွင် ဇာတ်အဖွဲ့ (၁) နှင့် ဇာတ်အဖွဲ့ (၂) တို့ကို ဖွဲ့စည်း၍ အနုပညာအရည်အသွေးမြင့်မားစေရန် ယှဉ်ပြိုင်စနစ်ကို ကျင့်သုံးခဲ့သည်။ ဇာတ်ရုံကြီးပေါ်တွင် ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အာဒဂွန်ဆောင်တွင် ယိမ်းတိုက်ခြင်း၊ ဆိုင်းသံ၊ ဗုံသံ ခေတ်ပေါ်တူရိယာသံများနှင့်အတူ အခမ်းအနားအလုပ်ရုံအတွင်းမှ စက်ချုပ်သံများ၊ လက်သမားအဖွဲ့၏ တူထုသံများ၊ ဆက်တင်ဆရာများ၏ တိုင်ပုံးနဖူးစည်းတပ်ဆင်နေမှုများ၊ မီးဆရာများ မီးအိမ်မီးကြိုး သယ်ယူတပ်ဆင်ခြင်း၊ စက်ဆရာမှ ဝါး၊ ကြိမ်တို့နှင့် ရုပ်လုံးရုပ်ကြွဇာတ်ဝင်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ပန်းချီဆရာများက ပန်းချီရှာတာများ၊ ပိုစတာများရေးဆွဲခြင်းဖြင့် သူ့ဘာသာရပ်နှင့်သူ၊ သူ့ပညာရပ်နှင့်သူ ရွှင်လန်းတက်ကြွစွာ အလုပ်လုပ်နေကြသည်ကို မြင်တွေ့နိုင်သည်။



ထို့အတူ ဂျူဗလီဟောကြီးအတွင်း ပန်းချီရေးဆွဲခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများကိုလည်း စဉ်ဆက်မပြတ်တွေ့မြင်နိုင်သည်။ ထိုစဉ်က ဂျူဗလီဟောသည် ရွှေတိဂုံဘုရားလမ်း ယခုတပ်မတော်စစ်သမိုင်းပြတိုက်နေရာတွင်ရှိပြီး ခံ့ညားထည်ဝါသော သမိုင်းဝင်ကိုလိုနီအဆောက်အအုံဖြစ်သည့် လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဈာပနအခမ်းအနားကျင်းပသည့်နေရာလည်းဖြစ်ခဲ့သည်။ ပန်တျာကျောင်းသူလေးများ၏ ကဗျာလွတ်ကနေပုံများ၊ သီချင်းသီဆိုလေ့ကျင့်ပုံများ၊ ဆိုင်း၊ ပတ္တလား၊ နှဲ၊ စန္ဒယား၊ သံစုံတီးဝိုင်းများနှင့် တီးမှုတ်လေ့ကျင့်နေပုံများသည် သောသောညံလျက် ဝန်းကျင်ကြီးတစ်ခုလုံးကို ဂီတသံများဖြင့်လွှမ်းမိုးနေတော့သည်။ တစ်နည်းဆိုလျှင် ထိုဂျူဗလီဟောတည်ရှိရာနယ်မြေသည် မျိုးဆက်သစ်အနုပညာရှင်များ မွေးထုတ်ပေးရာ ပန်တျာနယ်မြေဟု ဆိုရမည်။ အုတ်နီရောင်အသွေး ဂျူဗလီဟောကြီးနှင့် ပန်တျာကျောင်းသည် သဘင်အနုပညာ ဥယျာဉ်ကြီးသဖွယ်ဖြစ်၍ ပန်တျာကျောင်းဆင်းပွဲများကို နှစ်စဉ်ထိုဂျူဗလီဟောကြီး၌ တင်ဆက်ခဲ့ကြသည်။ ယဉ်ကျေးမှုကဇာတ်အဖွဲ့သည် မိုးရာသီကာလများတွင် "ဖျော်ဖြေရင်းလေ့ကျင့်၊ လေ့ကျင့်ရင်းဖျော်ဖြေ"၊ အနုပညာလှုပ်ရှားမှုများ စဉ်ဆက်မပြတ်ရှင်သန်ဖွံ့ဖြိုးစေရန် မိုးရာသီဂျူဗလီကပွဲများ တင်ဆက်လေ့ရှိပြီး လုပ်သားပြည်သူများနှင့် နိုင်ငံခြားသားဧည့်သည်များအထူးနှစ်ခြိုက်အားပေးခဲ့ကြသည်။ ပဒေသာအကများဖြစ်သော အပျိုတော်အက၊ နတ်ချင်းယိမ်း၊ တစ်ပင်တိုင်အက၊ နားပန်းဆံ၊ ဆီမီးခွက်ယိမ်း၊ နန်းတွင်းယိမ်း၊ ဓားခင်းယိမ်း၊ ညီညာဖြဖြလေးစွမ်းပြ၊ မကိုဋ်ယိမ်း၊ စင်တော်မင်းသားအက၊ ခြေထိုးအကမျိုးကြွကြွ၊ သေတ္တာက၊ ပဉ္စဂီတ၊ မြရည်နန္ဒာ၊ ရွှေကြာယံယိမ်း၊ ယမုံနာ၊ ရုပ်ကြီးစင်၊ ခေတ်ပြော၊ ခေတ်သုံးခေတ်သစ္စာထား၊ ဇော်ပြိုင်၊ ကရင်ဒုံး၊ ချိန်တွင်းဆည်းဆာတို့တောရွာ စသည့် ယိမ်းများနှင့် ကဇာတ်တိုများဖြစ်သော အလုပ်ခင်သူတို့မယ်ဖြူ၊ အစာနှင့်ဘယာ၊ အိုးဝေသံသာ မြိုင်ဟေမာနှင့် ရာမယဏ ကောက်နုတ်ချက်စသည်တို့ကို တစ်နေ့တစ်မျိုး မရိုးရအောင် တင်ဆက်ခဲ့ကြသည်။

ခံ့ခံ့ညားညားထည်ထည်ဝါဝါ ပီပီပြင်ပြင်တင်ဆက်ခဲ့သည့် ဇာတ်တော်ကြီးများမှာ ဝက်ထီးကန်ဇာတ်ကြီး၊ သီရိဝံသ၊ သုဝဏ္ဏသျှံ၊ စဥ့်ကူးမင်းခေါင်းလောင်းတော်၊ ပဏ္ဍိတကုမ္မာ၊ ပုဂံစစ်သည် တေးဂီတကဇာတ်၊ နာဂသုန္ဒရ ရှေးသဘင်ပညာရှင်ကြီးများ၏ အမွေအနှစ်များကို မချွတ်မယွင်း မပျောက်ပျက်ရလေအောင် စနစ်တကျထိန်းသိမ်း၍ ကပြခဲ့ကြသည့်အတွက် ပြည်သူအများ၏ နှစ်ခြိုက်အားပေးမှုကို အပြည့်အဝရရှိခဲ့သည်။ ပွဲစဉ်တိုင်းလိုလို ရုံပြည့်ရုံလျှံ။

ဤသို့ အရှိန်အဟုန်ကောင်းကောင်းဖြင့် တင်ဆက်နေသော ဂျူဗလီဟောဇာတ်ရုံကြီးသည် အကြောင်းမလှ၍ ၁၉၇၅ ခုနှစ် တစ်နေ့ မွန်းလွဲ ၂ နာရီကျော် "ပဏ္ဍိတကုမ္မာ"ဇာတ်ကြီးတင်ဆက်နေချိန် ငလျင်ဒဏ် ခံခဲ့ရသည်။ အများသိပြီးဖြစ်သည့် ၁၉၇၅ ပုဂံငလျင်ပင်ဖြစ်သည်။ ကြီးကြီးမားမား ထိခိုက်ပျက်စီးခြင်းတော့မရှိ၊ ခေတ္တပွဲလန့်သွားသည့်အဆင့်သာ ဖြစ်ခဲ့သည်။ သို့သော်လည်း ဒဏ်ရာရအဆောက်အအုံကြီးဟုယူဆသည့်အတွက် သက်ဆိုင်ရာမှ အသစ်ပြန်လည်တည်ဆောက်ရန် စီစဉ်ခဲ့ကြသည်။ ၁၉၇၉ ခုနှစ်အထိ ပွဲများဆက်ကခဲ့သော်လည်း ယခင်ကဲ့သို့ အရှိန်အဟုန်မပြင်းတော့ပါ၊ အမျိုးသားကဇာတ်ရုံအသစ်ကြီး တည်ဆောက်ပြီးသည့်အခါ ဂျူဗလီဟောကပွဲများလည်း လုံးဝရပ်နားသွားတော့သည်။ ဆိုင်းသံ၊ ဗုံသံ၊ လေပြည်ထိုးသံတို့လည်း ဝေးလေပြီ။ သို့ဖြစ်၍ "လွမ်းရတဲ့ ဂျူဗလီ" ဟု ဆိုပါရစေ။

## လန်ဒန်ရုပ်ရှင်ပွဲတော်တွင် ရုရှားဇာတ်ကား အကောင်းဆုံးဇာတ်ကားဆုရရှိ

ယူကေ၏ အထင်ကရရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် (၅၈)ကြိမ်မြောက် လန်ဒန်ရုပ်ရှင်ပွဲတော်ကို အောက်တိုဘာ ၈ ရက်က စတင်ကျင်းပခဲ့ရာ ရုရှားဒရာမာဇာတ်ကား Leviathan က အကောင်းဆုံးဇာတ်ကားဆု ဆွတ်ခူးရရှိခဲ့သည်။

ရုရှားဒါရိုက်တာ ရိုက်ကူးပုံဖော်ထားသည့် အဆိုပါဒရာမာဇာတ်ကားကိုယခုနှစ်အတွင်းကျင်းပခဲ့သည့် ကိန်းစ်ရုပ်ရှင်ပွဲတော်တွင် ပါဝင်ပြသခဲ့ပြီး အကောင်းဆုံးဇာတ်ညွှန်းဆုကိုရရှိဆွတ်ခူးခဲ့ကာ ၎င်းရုပ်ရှင်ပွဲတော်၏အမြင့်ဆုံးဆုဖြစ်သည့် Palme d'Or ဆုအတွက် ဆန်ခါတင်အဆင့်နှင့်ပင် ကျေနပ်ခဲ့ရသည့် ဇာတ်ကားကောင်းတစ်ကားလည်းဖြစ်သည်။

ထို့ပြင် ရုရှားဘာသာစကားဖြင့်ရိုက်ကူးထားသည့် အဆိုပါဇာတ်ကားသည် လာမည့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင်ကျင်းပမည့် (၈၇)ကြိမ်မြောက် အကယ်ဒမီဆုပေးပွဲတွင် အကောင်းဆုံး နိုင်ငံခြားဘာသာစကားဆုအတွက် စာရင်းတင်သွင်းထားသော ဇာတ်ကားတစ်ကားလည်းဖြစ်သည်။

**(ဖြိုးဇင်)**


အာဝေဇာ အမှတ်တံဆိပ်
ဘဏ္ဍာကိုယ် အပူမငြိမ်းသူများအတွက်
အာဝေဇာ
အပူငြိမ်းဆေး
ဆိုင်တိုင်းမှာဝယ်ရရှိနိုင်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR -004038 (0914)
ပင်ရင်း - အာဝေဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ် (၁၀)၊ အောင်သုခလမ်း၊ ပုသိမ်မြို့၊ ဖုန်း ၀၄၂-၂၄၄၇၂
တိုင်းရင်းဆေးပညာဦးစီးဌာန ကြော်ငြာခွင့်ပြုချက် တဆဝက (စာနယ်ဇင်း) ၁၃၆/၀၇၁၄

ရွှေဆိုးခရီးစဉ်
Hotel တည်း Restaurant စား 50% Discount
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (စွယ်တော်လေးဆူ)(ပြည်ပါမြည်) 60000
တောင်ကြီး၊ တန်ဆောင်တိုင်မီးပုံးပျံပွဲသို့
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်) Nov 4 ထွက်မည်
373275, 708342, 0949219404

ဆုပြည့် 0931815390, 0931815395
ကျိုက်ထီးရိုး(နေ့စဉ်)(ငြိမ်း)- ၃၅၀၀၀
ချောင်းသာ(နေ့စဉ်)(ငြိမ်း)- ၄၀၀၀၀
ငွေဆောင်(သောကြာ)(ငြိမ်း)- ၅၀၀၀၀
တောင်ကြီး(မီးပုံးပျံပွဲ)- ၈၅၀၀၀ Nov 4 ထွက်မည်။
6+1 FREE
Car Rental

THE LINS Travels & Tours Co., Ltd.
We Care Your Trip
ကျိုက်ထီးရိုးနေ့ချင်းပြန် → (Nov - 6,22,29,), (Dec-6,25) 30,000
ချောင်းသာ (၁ညအိပ် - ၂ရက်) Hotel Max → (Oct -25), (Dec-20) 75,000
ငွေဆောင် (၁ညအိပ် - ၂ရက်) Yamonaroo → (Oct -31), (Nov-14) 76,000
ပြည်တွင်းပြည်ပလေယာဉ်လက်မှတ်များကို အိမ်တိုင်ရာရောက် ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေးနေပါသည်။
အသင်းအဖွဲ့များ၊ ကုမ္ပဏီများ အတွက် ခရီးစဉ်များသာမက မိသားစုများအတွက်လည်း
Private Tour များကိုလည်းစီစဉ်ပေးနေပါသည်
အမှတ်(47)၊ မြေညီထပ်(သံလမ်းအနီး)၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 01-201784, 01-201785, 01-296531, Hot Line : 09-73006060, 09-250358089
Email - thelinstravel@gmail.com, info.thelinstravel@gmail.com

CONSTRUCTION, POWER & MINING
Myanmar 2014
Visit
30 Oct. - 1 Nov. 2014
Myanmar Convention Centre (MCC) Yangon 9.00-17.00 Hrs.
The 2nd international exhibition for the building & construction, electrical power & renewable energy and mining & minerals recovery for Myanmar.
Including: Over 150 leading companies from 26 countries around the world
4 international groups from China, Korea, Singapore and Thailand
Industry Conferences & Seminars
Visitors can pre-register online or onsite at the exhibition
www.cpmmyanmar.com
Supported by UMFCCI, MIA Myanmar Industry Association, MFMA Myanmar Federation of Mining Association, Yangon Electricity Supply Board, Myanmar Engineering Society
Acknowledged by Ministry of Commerce, Ministry of Electric Power, Ministry of Construction, Ministry of Mines
Organised by BES, ALLWORLD EXHIBITIONS
Information Hotline:
Tel: +95 1 513 515 - 519
Email: marketing@informationmatrix.com
Contact : U Htet Wai Zaw

ပြည်တွင်းရေးရာ

# ဖားကန့်နှင့် မိုးညှင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**မြစ်ကြီးနား အောက်တိုဘာ ၂၀**

ကချင်ပြည်နယ်အတွင်းရှိ ဖားကန့်နှင့်မိုးညှင်းမြို့နယ်တို့၌ အောက်တိုဘာ ၁၈ ရက်က မြစ်ကြီးနားမူးယစ်တပ်ဖွဲ့စု (၂)မှ တပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့် မူးယစ်ဆေးဝါးများသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က မြစ်ကြီးနားမူးယစ်တပ်ဖွဲ့စု(၂) မော်ဝမ်းလုပ်ရှားအဖွဲ့မှ ဒုရဲမှူးဇော်မျိုးလွင် ဦးစီးသော တပ်ဖွဲ့များသည် သက်သေများနှင့်ပူးပေါင်းကာ မူးယစ်ဆေးဝါးသတင်းအရ ဖားကန့်မြို့နယ် အထက် တောင်းကော့ကျေးရွာနေ အိုက်ရင်၏ နေအိမ်အားဝင်ရောက်စစ်ဆေးရှာ ဖွေရာအိုက်ရင်နှင့်အတူ အားစီ(ခ) ပေါက်ရှန်းတို့အား တွေ့ရပြီး အိုက်ရင်အိပ်ခန်းအိပ်ရာ ဘေးရှိ တရုတ်စာတန်းပါ အဝါရောင်စက္ကူဘူးခွံအတွင်းမှ ရေသန့်ဘူးဖြင့် ထည့်လျက် ဘိန်းဆီရည် ၂၀၀ မီလီလစ်တာပါတစ်ဘူး၊ ၅၀ မီလီလစ်တာပါတစ်ဘူး ကာလတန်ဖိုးငွေကျပ် ၁၂၅၀၀၀ ရှိ ဘိန်းဆီရည် ၂၅၀ မီလီလစ်တာနှင့် တီဗွီစားပွဲပေါ်မှ အနက်ရောင် ကြွပ်ကြွပ်အိတ်အတွင်း အနက်ရောင်သံဘူးနှင့်ထည့်လျက် ငွေကျပ် ၃၀၀၀ တန်ဖိုးရှိ ခတ်ပုံ ၆ ဂရမ်ပါတစ်ဘူး၊ ဘိန်းဆီချက်လုပ်သည့် သတ္တုဇွန်းတစ်ချောင်း၊ ဝါးတူနှစ်ချောင်းတို့အား ရှာဖွေသိမ်းဆည်းရမိကာ ဖားကန့်မြို့မရဲစခန်းမှ အိုက်ရင် (၄၂)နှစ်နှင့် အားစီ(ခ)ပေါက်ရှန်း(၄၅)နှစ်တို့အား အမှုဖွင့်အရေးယူထားသည်။

အလားတူ ညနေ ၄ နာရီခွဲက မြစ်ကြီးနား မူးယစ်တပ်ဖွဲ့စု(၂)၊ မိုးညှင်းလှုပ်ရှားအဖွဲ့မှ ရဲအုပ်စိုင်းစံဖေ ဦးစီးသော တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်ပူးပေါင်းကာ မိုးညှင်း-မန္တလေးသွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် မူးယစ်သတင်းအရ စောင့်ဆိုင်းနေစဉ် မော်ဟန်ကျေးရွာမှ မိုးညှင်းဘက်သို့ ခင်မောင်သန်း မောင်းနှင်လာသော OKBO-125 ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ထိုင်ခုံအောက်မှ Love is Flower စာတန်းပါ အနီရောင်ဆပ်ပြာခွက်အတွင်း ဘိန်းဖြူ ၁၄ ဂရမ်ပါ တစ်ခွက်၊ အစိမ်းရောင်ဆပ်ပြာခွက်အတွင်း(၁၄) ဂရမ်ပါတစ်ခွက်၊(၁၂) ဂရမ်ပါတစ်ခွက်နှင့်ဆိုင်ကယ် လေစစ်ဘူးအတွင်း အစိမ်းရောင်ဆပ်ပြာခွက်တွင် ဘိန်းဖြူ ၁၂ ဂရမ်ပါတစ်ခွက်တို့မှ ကာလတန်ဖိုးငွေကျပ် ၃၆၄၀၀၀၀ ရှိ စုစုပေါင်းဘိန်းဖြူအမှုန့် ၅၂ ဂရမ်အား ရှာဖွေသိမ်းဆည်းရမိခဲ့ပြီး ဖြစ်စဉ်ကြောင့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိရသူ ခင်မောင်သန်း(၃၈)နှစ် ထီးချိုင့်မြို့နယ်နေသူအား မိုးညှင်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုယ်းကျ(မြစ်ကြီးနား)**

# နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှေ့၌ ယာဉ်နှင့်ဆိုင်ကယ်တိုက်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းရှိ အမှတ်(၁၀)ရဲကင်းအပိုင်နယ်မြေအတွင်း ပျဉ်းမနား-တောင်ညိုလမ်းမကြီးပေါ်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း မြားပစ်အားကစားကွင်းရှေ့၌ အောက်တိုဘာ ၁၈ ရက် ည ၈ နာရီ ၄၅ မိနစ်က ဆွာလမ်းဆုံဘက်မှ ဝဏ္ဏသိဒ္ဓိအဝိုင်းဘက်သို့ ယာဉ်မောင်း အေးမောင်မောင်ကျော် အသက်(၃၃)နှစ် သုခသိဒ္ဓိရပ်ကွက်နေသူ မောင်းနှင်လာသော ယာဉ်အမှတ် 6G/ . . . ပရိုဘောက်အဖြူရောင် ယာဉ်သည်လမ်း၏ ဝဲဘက်ယာဉ်ကြောသို့ အရှိန်လွန် ရောက်ရှိခဲ့ပြီး ဝဏ္ဏသိဒ္ဓိအဝိုင်းဘက်မှ ဆွာလမ်းဆုံသို့ ကိုဇော်ဝင်း(၃၉)နှစ် သစ်ဆိမ့်ပင်ရွာကင်မွန်းတန်း ပျဉ်းမနားနေသူ မောင်းနှင်လာသော ဆိုင်ကယ် အမှတ် ၃၉ယ/---ကန်ဘို 110 ကျောက်စိမ်းရောင်အား တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူ ကိုဇော်ဝင်းမှာ ငယ်ထိပ်လေးလက်မခန့် ပေါက်ပြဲ၊ ဝဲယာပေါင်ကျိုး၊ ဆီးအိမ်ကွဲနှင့် ညာဒူးပေါက်ပြဲဒဏ်ရာများ ရရှိခဲ့ပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

**သန်းနိုင်(ဇမ္ဗူသီရိ)**



# သံလမ်းပေါ်တွင် အိပ်ပျော်နေသောအမျိုးသား ရထားကြိတ်ခံရပြီး သေဆုံး

**ရန်ကုန် အောက်တိုဘာ ၂၀**

အောက်တိုဘာ ၁၉ ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၁၆) ရပ်ကွက် တိုးကြောင်ကလေးဘူတာ အနီး မိုင်တိုင်အမှတ်(၇/၁၂)နှင့် (၇/၁၃)ကြားတွင် အမျိုးသားတစ်ဦး ရထားကြိတ်ခံရသဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မော်လမြိုင်သို့ထွက်ခွာလာသော အမှတ်(၃၅) ရန်ကုန်-မော်လမြိုင်အဆန်အထူးရထားသည် အောက်တိုဘာ ၁၉ ရက် ညပိုင်းက အဆိုပါနေရာအရောက် ရထားသံလမ်းပေါ်တွင် အိပ်ပျော်နေသော အသက် (၄၅)နှစ်ခန့်ရှိ အမည်မသိအမျိုးသားအား ကြိတ်မိခဲ့သဖြင့် ယာလက်မောင်းရင်းကြွေမွဒဏ်ရာ၊ ဝဲ/ယာနံစောင်းဖူးရောင်ပေါက်ပြဲဒဏ်ရာ၊ ဝဲပေါင်ရိုးကျိုးဒဏ်ရာများရရှိကာ သေဆုံးခဲ့ခြင်းဖြစ်သည်။

**(စိုးဝင်း-MLA)**

**ပေါက် အောက်တိုဘာ ၂၀**

ပခုက္ကူခရိုင် ပေါက်မြို့နယ် ကျောက်ခွက်ရေနံမြေလုံခြုံရေးတာဝန်ခံ ဦးတင်လှိုင်နှင့်ရေနံမြေလုံခြုံရေးတပ်ဖွဲ့စိတ်မှ ဒုတိယရဲအုပ်တင်ကိုကိုလတ် ပါဝင်သည့်ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၉ ရက် နံနက် ၁ နာရီက ရေနံပိုက်လိုင်းများအား လိုက်လံစစ်ဆေးစဉ် ကမ်းပါးဖြူကျေးရွာအနီးအရောက်တွင် မသင်္ကာဖွယ်ယာဉ်နှစ်စီးအား တွေ့ရှိခဲ့သဖြင့် ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှလူများ ထွက်ပြေးသွားခဲ့သည်။

ဆက်လက်၍ ရပ်တန့်ထားရှိသည့်

# ပေါက်မြို့နယ်တွင် ရေနံစိမ်း ခိုးယူသူများအား ဖမ်းဆီးရမိ

၁က/----ဂျစ်ကားအဖြူရောင်ယာဉ်ပေါ်မှ ရေနံစိမ်း ၁၀ ဂါလန် စီပါ ပလတ်စတစ်ပုံး၁၁ ပုံး၊ စုပေါင်းရေနံစိမ်း ၁၁၀ ဂါလန်၊ ဆင်းကတ်ပါ HUAWEI အမျိုးအစားဖုန်းတစ်လုံး၊ ဆ/---ဂျစ်ကားအပြာရောင်ပေါ်မှ ရေနံစိမ်း၁၀ ဂါလန်ပါ ပလတ်စတစ်ပုံး ၉ ပုံး၊ ရေနံစိမ်း၈ ဂါလန်ပါ ပလတ်စတစ်ပုံးတစ်ပုံး၊ ရေနံစိမ်း ၅ ဂါလန်ပါပလတ်စတစ်ပုံးတစ်ပုံး၊ စုပေါင်း ရေနံစိမ်း၁၀၃ ဂါလန်နှင့် ပလတ်စတစ်ပိုက်ပျော့တစ်ချောင်းတို့အားရှာဖွေတွေ့ရှိခဲ့သဖြင့် အဆိုပါဂျစ်ကားများလာရာလမ်းအတိုင်းလိုက်လံစစ်ဆေးရာ ဇော်လွင် အသက် (၂၆)နှစ် ကျောက်တိုင်ခင်ကျေးရွာ ပေါက်မြို့နယ်နေသူနှင့်၎င်း၏အစ်ကို ဇော်လင်း အသက်(၃၈)တို့အား နံပါတ်မပါ SUPER Cub အစိမ်းရောင်ဆိုင်ကယ် တစ်စီးဖြင့်ဖုန်း နှစ်လုံးတို့နှင့်အတူ တွေ့ရှိခဲ့သဖြင့်စစ်ဆေးစဉ် ၎င်းတို့နောက်မှလမ်းအတိုင်း ခင်မောင်သန်း အသက်(၃၅)နှစ် ကျောက်တိုင်ခင်ကျေးရွာနေသူမောင်းနှင်ပြီး တစ်ရွာတည်းနေ မောင်ကြည် အသက်(၅၃)နှစ်၊မောင်ဌေးအသက် (၄၆)နှစ်၊မိုးဝင်း (၃၀)နှစ်တို့စီးနင်းလိုက်ပါလာသည့် ၃ခ/-----ဟီးနိုးအစိမ်းရောင်ခြောက်ဘီးယာဉ်အား ထပ်မံတွေ့ရှိ စစ်ဆေးခဲ့ရာ ဟီးနိုးယာဉ်ပေါ်တွင် ရေနံစိမ်း ၅၀ ဂါလန် ခန့်စီပါ ပီပါ ၃၁ လုံး၊ စုပေါင်းရေနံစိမ်းဂါလန် ၁၅၅၀ ဂါလန်နှင့် ပီပါခွံ ခြောက်လုံးတို့အား စစ်ဆေးတွေ့ရှိခဲ့ပြီး စုစုပေါင်း ရေနံစိမ်းဂါလန် ၁၇၆၃အား သိမ်းဆည်းရမိခဲ့သဖြင့် နိုင်ငံတော်ပိုင် ရေနံစိမ်းများ ခိုးယူသူ ခင်မောင်သန်းနှင့် အဖွဲ့ဝင်ငါးဦးနှင့် ထွက်ပြေးတိမ်းရှောင်သွားသူလေးဦးတို့အား အရေးယူပေးပါရန် လက်ပံတို ရေနံမြေလုံခြုံရေးတာဝန်ခံ ဦးတင်လှိုင်က တရားလိုပြုတိုင်တန်းခဲ့သောကြောင့် ပေါက်မြို့နယ်ရေပြာနယ်မြေ ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**


အင်းလျားမြန်မာ Travels & Tours
December အတွက် ကြိုတင်စာရင်းပေးသွင်းခြင်းဖြင့် Special Discount များကို ရယူလိုက်ပါ။
စင်ကာပူ (3N/4D) Nov, Dec, Jan
ထိုင်း (5N/6D) Nov, Dec, Jan
ကိုရီးယား (7N/8D) Nov, Dec, Jan
ပြည်တွင်းပြည်ပ လေယာဉ်လက်မှတ်များကို ဈေးနှုန်းချိုသာစွာဖြင့် အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။

အင်းလျားမြန်မာ Travels & Tours
ပျော်ရွှင်ရင်ခုန်ဖွယ် December ခရီးစဉ်များ
မန္တလေး-ပြင်ဦးလွင်-မင်းကွန်း (Dec-19)
တောင်ကြီး-စကားအင်း(ရေအောက်နန်းတော်) (Dec-23)
ပြည်(ဘုရားစုံ)-သီရိဘဂ်လွန်တိုင်းပြည် (Dec-24)
ဖိုးကျားသဘာဝအပန်းဖြေဆင်စခန်း (Dec-24)
No.(93/B), 2nd Floor, Baho Street, Bet Thantadar Street & Tayoutekyaung Street, Sanchaung Tsp, Yangon. 01-518142, 01-505338 (Hotline 09-422548616)

Shwe Yee Mon Travel Service Provider (ခရီးသွား အာမခံပါဝင်)
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ။ ပြင်ဦးလွင်(မီးပုံးပျံပွဲ)၊ မန္တလေး၊ စစ်ကိုင်း 160000/- Nov (5) တန်ဆောင်မုန်းလပြည့်ဦးရေ
၅ည/၅ရက် စရီးစဉ်အား SCANIA (VIP 2+1) ဖြင့်သာသွားပါမည်
ကျိုက်ထီးရိုး နေ့ချင်းပြန် (တောင်တက်ကားစင်းလုံးငှား) သရေခေတ္တရာ၊ ပြည်၊ အကောက်တောင် 30000/- Oct 22 (အဆူး), Oct 24,Oct 31
09-253338892, 09-253338896 10 + 1

NATURAL BREEZE Travels & Tours
ပန်ကောက် - ပတ္တရား - အယုဒ္ဓယ (၅ည ၆ရက်) Nov 6 , Dec 27
ချင်းမိုင် (လွိုင်ကထုံမီးထွန်းပွဲတော်) (၄ည ၅ရက်) Nov 4 , Dec 25
စင်ကာပူ - မလေးရှား (၇ည ၈ရက်) Dec 26,Dec 28
စင် ကာပူသီးသန့် (၃ည ၄ရက်) Nov 6,Dec 27
ဟောင်ကောင် - မကာအို (၄ည ၅ရက်) Dec 28
ဖူးခက် ကမ်းခြေ (၄ည ၅ရက်) Dec
အမှတ်(၁၅)၊ ပထမထပ်၊ ကျွန်းတောလမ်း၊ စမ်းချောင်း။
09 732 11441 , 09 732 11442 , 09 732 11077

ဓိနိဝင်းနှင့်ရောင်းရင်းများမှ
တောင်ကြီး/ပြင်ဦးလွင် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်သို့ Nov 4 ထွက်မည်
တောင်ကြီး။ ပင်းတယ၊ ကဲ့လုံ၊ မွေတော်ကက္ကူ၊ ထမ်စမ်းလှိုက်ဂူ သောကြာနေ့တိုင်း
ပုပ္ပါး၊ ပုဂံ(ရွှယ်တော်လေးဆူ)၊ ပခုက္ကူ၊ စလေ ပုပ္ပါး၊ ပုဂံ(ရွှယ်တော်လေးဆူ)၊ မန္တလေး၊ ပြင်ဦးလွင် မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ မူဆယ်၊ ရွှေလီ
ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် ကျိုက္ကမီ၊ စက်စဲ၊ မော်လမြိုင် ဘုရားစုံ
ပြည် အကောက်တောင် လမ်းဘုရားစုံ မဲလံဆံတော်ရှင်၊ ကျိုက်ပီရယာန္တာ (စနေ)
ဝလွန်ပြည်တော်ပြန် (တနင်္ဂနွေ) ကျိုက်ထီးရိုး/ ချောင်းသာ (နေ့စဉ်)
၂၂၉၊ ပန်းဆိုးတန်းလမ်း(အပေါ်လမ်း) 249871, 255553, 389611, 09-5137245

STI MYANMAR UNIVERSITY
Nurturing World Class Leaders
Formerly known as STI Education
Email: info@stiedu.net
www.stiedu.net
ENROLL NOW!
Diploma in LOGISTICS MANAGEMENT
Diploma in SUPPLY CHAIN MANAGEMENT
Logistics Principles & Practices, Operations Management, Cost Account & Finance, Warehouse & Distribution Management, E-Commerce & E-Business Operations, Customer Relationship Management, Supply Chain Management ဘာသာရပ်များ သင်ကြားရပါမည်။
- သင်တန်းကာလ (၈)လ ကြာမြင့်ပါသည်။
- နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင်လုပ်ကိုင်နေသူများနှင့် အထူးသင့်တော်ပါသည်။
- Industry Visit များ ပါဝင်ပြီး Logistics Interest Group ၏ Forum များတွင် Member အဖြစ် အခမဲ့ တက်ရောက်နိုင်ပါသည်။
- သင်တန်းအောင်မြင်ပါက AMA-UK နှင့် STI မှ အောင်လက်မှတ် ချီးမြှင့်ပါသည်။
Upper Shwe Bon Thar St., Pabedan Tsp., Yangon. Tel: 377988, 09420254872
Block -10, Phase -3, MICT Park, University Hlaing Campus. Tel: 507151, 507152, 0931702299

JUNE INDUSTRY LTD.
"Let's conserve our Earth with Spirulina"
ရွှေသြဇာ
LIQUID BIO FERTILIZER
FRUIT TONIC
Spirulina Bio Fertilizer
C = Control T = ရွှေသြဇာ
ဟင်းသီးဟင်းရွက် စိုက်ပျိုးရောင်းချသူများ စပီရူလိုင်းနား ဇီဝမြေဩဇာသုံးစွဲခြင်းဖြင့် စိုက်ပျိုးသော အပင်အား ကြီးထွားနှုန်း မြန်ဆန် သန်မာစေ၍ ရောဂါပိုးမွှားနှင့် ရာသီဥတုဒဏ် ပိုမိုခံနိုင်စေပြီး ပုံမှန်ထက်စော၍ အရည်အသွေး ပြည့်မီစွာ အောင်မြင်စေရုံမက အာဟာရ ပါဝင်မှုနှုန်း ပိုမိုကောင်းမွန်စေသောကြောင့် ဝင်ငွေ ပိုမို ရရှိစေပါမည်။
• Ygn: + 95 9 420099011, 420099022, 420099033 • Mdy: + 95 2 24490, 39985, 39725, 36122

# ကူးစက်မြန် အီဘိုလာဗိုင်းရပ်စ်ရောဂါကာကွယ်ရန် အသိပညာပေးဟောပြောပွဲ ကျောက်တံခါးတွင် ကျင်းပ

**ကျောက်တံခါး၊ အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့ အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမဆောင်တွင် အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက ကူးစက်မြန် အီဘိုလာဗိုင်းရပ်စ်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကျောက်တံခါးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာသီဟစိုး၊ မြို့နယ်ကျန်းမာရေးမှူးအဆင့် (၁) ဒေါ်စန္ဒာထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အ. ထ. က ကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် အ. ထ. ကကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမြင့်မှ အဖွင့်အမှာစကားပြောကြားပြီး သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာသီဟစိုးနှင့် မြို့နယ်ကျန်းမာရေးမှူးအဆင့် (၁) ဒေါ်စန္ဒာထွန်းတို့မှ ကူးစက်မြန် အီဘိုလာဗိုင်းရပ်စ် စတင်ဖြစ်ပေါ်လာပုံနှင့် ရောဂါလက္ခဏာများမှာ ဖျားခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လည်ချောင်းနာခြင်း၊ အန်ခြင်း၊ အရည်ဝမ်းသွားခြင်းများဖြစ်ပေါ်ပြီး အသည်းနှင့်ကျောက်ကပ်များပျက်စီးကာ ခန္ဓာကိုယ်အတွင်း အပြင် သွေးယိုထွက်မှုရှိခြင်းကြောင့် အသက်အန္တရာယ်ဖြစ်နိုင်ကြောင်း၊ ရောဂါကူးစက်ပုံမှာ အီဘိုလာရောဂါပိုးရှိသူ သို့မဟုတ် တိရစ္ဆာန်တို့၏ခန္ဓာကိုယ်မှထွက်သော တံတွေး၊ သွေးတို့နှင့် တိုက်ရိုက်ထိတွေ့သည့် အရာဝတ္ထုများကို ကိုင်တွယ်ခြင်းကြောင့် ရောဂါကူးစက်နိုင်ကြောင်း၊ ယခုအချိန်ထိ ကုသမည့်ဆေးမရှိသေးသောကြောင့် ရောဂါမဖြစ်ပွားရန် ကာကွယ်ရေးသည်သာ အဓိကအရေးကြီးကြောင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် မိမိလက်ကိုဆေးရာတွင် တစ်မိနစ်ခန့်ဆပ်ပြာဖြင့် စင်ကြယ်အောင်ဆေးကြောရန် လိုအပ်ကြောင်း၊ ရောဂါဖြစ်ပွားမည့်လက္ခဏာဖြစ်ပေါ်လာပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့၍ ကုသမှုခံယူရန် လိုအပ်ပါကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ အီဘိုလာဗိုင်းရပ်စ်ရောဂါကြိုတင် ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည့်အတွက် ကျန်းမာရေး ဝန်ကြီးဌာန၏ သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်တို့အား ကျောင်းသား၊ ကျောင်းသူများသိရှိစေရန် ရှင်းလင်းပြောကြားခဲ့သည်။**ခင်ကို(ကျောက်တံခါး)**

# တောင်ဥက္ကလာ ရတနာလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး ဝန်ထမ်းအင်အား ၁၅၀ ခန့်ဖြင့် ဆယ်ယူရှင်းလင်း

**ရန်ကုန်၊ အောက်တိုဘာ ၂၀**

မိုးရာသီ၌ အနိမ့်ပိုင်းလမ်းတစ်ချို့ ရေလွှမ်းမိုးမှုကြောင့် မော်တော်ယာဉ်များ၊ ခရီးသွားပြည်သူများ သွားရေးလာရေး အခက်အခဲမဖြစ်ပေါ်စေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဦးခင်ဝင်း၊ အရှေ့ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးကျော်ဦးတို့မှ ကြီးကြပ်၍ တောင်ဥက္ကလာပမြို့ရှိ ငမိုးရိပ်ချောင်းမြစ်ထွက်ပေါက်သို့ စီးဆင်းသော ရတနာလမ်းတစ်လျှောက် ရေနုတ်မြောင်းအတွင်း ပိတ်ဆို့အမှိုက်၊ သဲ၊ ခဲများအား ခရိုင်အင်အားဖြင့် အောက်တိုဘာ ၁၈ ရက်က ဆယ်ယူရှင်းလင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"တောင်ဥက္ကလာပ မြို့နယ်က ငမိုးရိပ်ချောင်းနဲ့ ထိစပ်နေတော့ မိုးရာသီမှာချောင်းရေလျှံရင် အနိမ့်ပိုင်းလမ်းတစ်ချို့ ရေနစ်မြုပ်မှုရှိပေမယ့် စည်ပင်သာယာက ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းတွေ ဆောင်ရွက်ထားတော့ ဆိုးဆိုးရွားရွား ရေလွှမ်းမိုးတာတော့ မကြုံတွေ့ရပါဘူး" ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။



အဆိုပါ ရေစီးရေလာကောင်းရေးလုပ်ငန်းကို ဌာနခွဲမှူး ဦးဝင်းမောင်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦးတို့က ဦးဆောင်၍ စီမံရေးရာဌာန၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ အင်ဂျင်နီယာ (လမ်းနှင့်တံတား)ဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတို့မှ စုစုပေါင်းဝန်ထမ်းအင်အား ၁၅၀ ခန့်ဖြင့် ရတနာလမ်းတစ်လျှောက် ရေနုတ်မြောင်းအတွင်းရှိ ပိတ်ဆို့အမှိုက်၊ သဲ၊ ခဲများအား ဆယ်ယူရှင်းလင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မောင်သုည**

# ယင်းမာပင်မြို့နယ် ဘိန်းနွယ်ချောင်ကျေးရွာ၌ ပညာပဒေသာစာကြည့်တိုက် ဖွင့်လှစ်

**ယင်းမာပင်၊ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ် ဘိန်းနွယ်ချောင်ကျေးရွာ၌ ပညာပဒေသာစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် ယင်းမာပင်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်စိုးစိုးဝင်းနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီနာယက ဦးစိုးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ဆက်လက်ပြီး ပညာပဒေသာစာကြည့်တိုက်အတွက် မြို့နယ်မှတာဝန်ရှိသူများနှင့် အလှူရှင်များကDVB Set Top Box တစ်လုံး၊ သုတရသစာအုပ်စာစောင်များနှင့် ဂျာနယ်စာစောင်များကို အသီးသီးပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက အသီးသီးလက်ခံရယူခဲ့ကြောင်း သိရသည်။

ယနေ့ဖွင့်လှစ်သောစာကြည့်တိုက်သို့ ယင်းမာပင်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး၊ မြို့နယ်သမဝါယမ၊ မြို့နယ်စက်မှုလယ်ယာ၊ မြို့နယ်စီမံကိန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စသည့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ စုန်းကျင်းကျေးရွာအုပ်စုအတွင်းရှိ ဘိန်းနွယ်ချောင်၊ စုန်းကျင်း(တ) (မ) (လ)၊ မြပင်စည်၊ မြရွှေစည်၊ စသည့်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံမိဘပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူလေးများ စုစုပေါင်းအင်အား ၁၀၀ ကျော်တက်ရောက်ခဲ့သည်။ အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်း၊ ကျေးရွာမိဘပြည်သူများ၏ထည့်ဝင်ငွေကျပ် ၁၉ သိန်း စုစုပေါင်းငွေကျပ် ၂၉ သိန်း အကုန်ကျခံကာ အလျား ၂၇ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၂ ပေ သွပ်မိုးအုတ်ကာ၊ သမံတလင်းခင်း တစ်ထပ်အမျိုးအစား တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# စံငါးချက်နှင့်ကိုက်ညီသည့် စာကြည့်တိုက်များသို့ လုပ်ငန်းစီမံခန့်ခွဲရေးလက်စွဲစာအုပ်များ ဖြန့်ဝေ

**မြင်းခြံ၊ စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမတွင် စက်တင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီအချိန်က မြင်းခြံမြို့နယ်အတွင်းရှိ စံငါးချက်ညီစာကြည့်တိုက်များသို့ စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး လက်စွဲစာအုပ်များပေးအပ်ခြင်းကို ပြုလုပ်ခဲ့သည်။

စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး လက်စွဲစာအုပ်များပေးအပ်ပွဲသို့ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ခရိုင်ဦးစီးအရာရှိ ဒေါ်နှင်းရည်နှင့် ဝန်ထမ်းများ၊ စာကြည့်တိုက်မှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည် ။

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိမှ စာကြည့်တိုက်များတွင် စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး လက်စွဲစာအုပ်များကို ဖတ်ရှုပြီး လိုက်နာဆောင်ရွက်ခြင်းဖြင့် စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး လက်စွဲစာစောင်များကို ခရိုင်ဦးစီးအရာရှိ ဒေါ်နှင်းရည်မှ စာကြည့်တိုက်များအတွက် ဘိုချိုစာကြည့်တိုက်မှူး ဦးကျော်မိုးအောင်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

PEARL NADI TRAVELS & TOURS
ပုလဲနဒီ
ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း
(၁) သံဝေဇနီယလေးဌာန (၇ညအိပ်၊ ၈ရက်ခရီး)
(၂) သံဝေဇနီယလေးဌာန နှင့် အဝိဇဟိတသုံးဌာန (၁၁ညအိပ်/၁၂ရက်ခရီးစဉ်)
(၃) သံဝေဇနီယလေးဌာန နှင့် အဝိဇဟိတ လေးဌာန၊
နယူးဒေလီ၊ အာဂရာ (တပ်ချ်မဟာ) (၁၄ညအိပ်၊ ၁၅ရက်ခရီး)
ထွက်ခွာမည့်ခရီးစဉ်များ
အောက်တိုဘာ(၂၂)(၇ညအိပ်/၈ရက်ခရီးစဉ်)၊
နိုဝင်ဘာလ(၁၅)(၇ညအိပ်/၈ရက်ခရီးစဉ်)
ဒီဇင်ဘာ(၁၉)(၇ညအိပ်/၈ရက်ခရီးစဉ်)နှင့်
(၁၄ညအိပ်/၁၅ရက်ခရီးစဉ်)လိုက်ပါလိုသူ
မိဘပြည်သူများ စာရင်းပေးသွင်းနိုင်ပါပြီဖြစ်ကြောင်း
သတင်းကောင်းပါးအပ်သည်။
ဘုရားဖူးလိုက်ပါမည့်ခရီးစဉ်သည်များအနေဖြင့်စားသောက်ဖွယ်ရာများယူဆောင်လာရန်
မလိုဘဲနံနက်စာ၊နေ့လည်စာ၊ညစာများအားလုံးကိုသန့်ရှင်းသပ်ရပ်သောမြန်မာအစားအစာများဖြင့်သာ ညှေ့ခံကျွေးမွေးမည်ဖြစ်ပါသည်။
ခရီးစဉ် ၈/ဆုံး ပိုင်ရှင်ကိုယ်တိုင် မိသားစုသဖွယ် နွေးထွေးစွာ လိုက်ပါပို့ဆောင်ပေးပါမည်။
ခရီးစဉ်တွင် ၁၆ ဦးစုစည်းပြီး လိုက်ပါပါက (၁)ဦးအခမဲ့ ကုသိုလ်ဖြစ် စရိတ်ငြိမ်းပို့ဆောင်ပေးပါသည်။
(၁၁) ဦးစုစည်းပြီး လိုက်ပါပါက တစ်ဦးအတွက် (၅၀%)၊ (၆)ဦးစုစည်းပြီးလိုက်ပါပါက တစ်ဦးအတွက်(၂၀%)လျှော့ပေးပါမည်။
၂၀၁၄ အောက်တိုဘာလဆန်းမှ ၂၀၁၅ မေလ အထိ ဘုရားဖူးခရီးစဉ်များကို ပုံမှန်ပို့ဆောင်ပေးနေပါသည်။
ရုံးချုပ် - အမှတ် ၁၂၀ - မြေညီထပ်၊ ၅၁ လမ်း(လယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၂၉၂၉၂၇/၀၁ - ၂၉၂၉၂၈
၀၁ - ၂၀၀၉၄၈၊ ၀၁ - ၂၉၅၆၁၀/၀၉ - ၅၀၃၅၆၆၁/၀၉ - ၅၀၀၈၈၅၂/၀၉ - ၃၁၀၄၈၆၀၉

Phone Cover များပေါ်တွင်
( 3D ) စက်များဖြင့် မိမိနှစ်
သက်ရာ ဓါတ်ပုံများထည့်
သွင်းရိုက်နှိပ်ပေးပါသည်။
Ph: 09 861 3388

သွေးသည် အသက်

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ဦးမင်းဇော် [၁၂/ကတတ(နိုင်) ၀၂၇၉၃၆]ပိုင်ဆိုင်သော ကမ္ဘာ့ငှက် ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မူရင်း)နှင့်ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင်(မူရင်း)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၁-၂၁၈၃၀၃၊ ၀၁-၂၁၈၃၂၃

DUAL TECH
လက်တွေ့ကျွမ်းကျင် စက်မှုလက်မှု သက်မွေးသင်တန်းများ
✡ ရေခဲသေတ္တာနှင့် အဲယားကွန်းပြုပြင်တပ်ဆင်ခြင်းသင်တန်း
✡ လျှပ်စစ်ဝါယာရိန်းနှင့် အီလက်ထရောနစ်သင်တန်းများ
✡ ကားအင်ဂျင်နှင့် ကားဝါယာရိန်းသင်တန်းများ
✡ မော်တာထရန်စဖော်မာပြုပြင်ခြင်းသင်တန်း
✡ မော်တာကွန်ထရိုး နှင့် ဂျန်နရေတာပြုပြင်ခြင်းသင်တန်းများ
✡ သင်္ဘောကျင်းလျှပ်စစ် သင်တန်း
လက်တွေ့ ၇၀% စာတွေ့ ၃၀%
အချိန်ညှိနှိုင်းစီစဉ်ပေးသည်။
ပုံမှန် (၂)လ၊ အမြန် (၁)လ။
၂ ဘာသာ အပ်လျှင် 5% Off
ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများ
✡ i-office, DTP, Graphic Design
✡ Advanced Excel, Special Photoshop
တစ်ဦးလျှင် စက်တစ်လုံးစီဖြင့် စနစ်တကျ သင်ကြားပေးသည်။
အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းများ
✡ Basic 4- Skills, Intermediate 4-Skills
✡ Advanced 4-Skills, Grammar
ကျွမ်းကျင်စွာပြောနိုင်သည်အထိ သင်ကြားပေးသည်။
အမှတ် ၂၇၄/၈ ၊ မင်းကြီးလမ်း၊ ရွာမအရှေ့၊ မညတ မှတ်တိုင်၊ အင်းစိန်။
PH: 09420313719, 0973069682.

မြန်မာ့ခရီး
09-421057076
09-30224802
# ကလောပင်းတယအင်းလေးတောင်ကြီး # ပုဂံ၊ ညောင်ဦး (စွယ်တော်လေးဆူ)၊ ပုပ္ပါး
# ပြည်၊ထုံးဘို (အကောက်တောင်) # မန္တလေးပြင်ဦးလွင်မုံရွာ Sep 25, Nov 5, 14, 28
facebook တွင် ခရီးစဉ်တစ်ခုချင်းစီအတွက် (၅၀)% သက်သာခွင့်၊ (၃၀)% သက်သာခွင့် အစီအစဉ်ရှိပါသည်။ ကံထူးသူများအား fb တွင် ကြေငြာပေးသွားမည် ဖြစ်ပါသည်။
facebook: Wanderlust Myanmar
လက်မှတ် လိုက်ပို့ပေးပါသည်။

ကွန်ပျူတာပျက်လျှင်
ဖုန်းဆက်လိုက်ပါ
Ph: 09-5152865,
09-448034641

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အေးမွန်ကျေးရွာ အထက(ခွဲ) ဒသမတန်း(B)တွင် ပညာသင်ကြားနေသော မောင်ဇေယျာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်ဦး [၁၂/ခရန (နိုင်)၀၆၆၉၉၈]ဖြစ်ပါကြောင်း။
ဦးသက်နိုင်ဦး[၁၂/ခရန(နိုင်)၀၆၆၉၉၈]

TRAVEL PALCACE (အဆင့်မြင့်ဘုရားဖူးနှင့်အပန်းဖြေခရီးသွားလုပ်ငန်း)
★ တောင်ကြီး(ဓိးပုံးပျံပွဲ)၊ အင်းလေး 4N/5D
★ မန္တလေး၊ ပြင်ဦးလွင်(မီးပုံးပျံပွဲ) 3N/4D
★ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး 3N/4D
Oct 31, Nov 5
Special Package
Hotel/Restaurant
01 577795, 09 5155170, 09 448025596

# ကျေးရွာများရှိစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး အလုပ်ရုံဆွေးနွေးပွဲ မလှိုင်မြို့၌ကျင်းပ

**မလှိုင်၊ အောက်တိုဘာ ၂၀**

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး အလုပ်ရုံဆွေးနွေးပွဲနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ အခမဲ့ထုတ်ဝေသည့် စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေး လက်စွဲစာစောင် ဖြန့်ဝေခြင်းကို အောက်တိုဘာ ၁၇ ရက်က မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။



ဆွေးနွေးပွဲတွင် မလှိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်မည့် စာအုပ်စာစောင်များတိုးပွားရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ လုပ်ငန်းများ၊ စာကြည့်တိုက်မှူး တာဝန်နှင့် အရည်အချင်းများ၊ လက်စွဲစာစောင်ပါအချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကျေးရွာ စာကြည့်တိုက်မှူးများက အလှည့်ကျဆွေးနွေးကြရာ ထန်းတောကျေးရွာစာကြည့်တိုက်မှူး ဦးအောင်သူဟန်က စာဖတ်သူတိုးပွားရေးနှင့် ပတ်သက်၍လည်းကောင်း၊ ပန်းအိုင်ကျေးရွာမှ စာကြည့်တိုက်မှူး ဦးမြင့်တင်က စာငှားလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ ကျောက်တန်းကျေးရွာမှ ဦးတင်ကိုက ရန်ပုံငွေရရှိရေး၊ သဘွတ်ကုန်းကျေးရွာ ဒေါ်ပပက မိမိစာကြည့်တိုက်နှင့် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း ဆက်သွယ်အလှူခံရရှိပုံ နည်းလမ်းများကို အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး အခက်အခဲများကို ညှိနှိုင်းဖြေရှင်းခဲ့ကြသည်။

ထို့အပြင် မြို့နယ်စာကြည့်တိုက်မှူး ဒေါ်သီတာအောင်က စာပြုလုပ်ငန်းနှင့် စာငှားလုပ်ငန်းများအကြောင်းကို လက်တွေ့ပြသပေးခဲ့သည်။

ယင်းနောက် ကျေးရွာစာကြည့်တိုက်များအတွက် စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေး လက်စွဲစာစောင်များနှင့် သုတ၊ ရသစာအုပ်များကို မြို့နယ်ဦးစီးမှူးက ပေးအပ်ခဲ့သည်။ ဆွေးနွေးပွဲသို့ စံ(၅)ချက်ဖြင့်ကိုက်ညီစွာ ရှင်သန်လည်ပတ်နေသော ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို နှစ်ရက်ကြာ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **အောင်ငွေး**

## မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး၊ အောက်တိုဘာ ၂၀**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပခြင်းအားဖြင့် မျိုးဆက်သစ်လူငယ်များအတွက် ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ၊ ယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာများ၏ အဆင့်အတန်းမြင့်မားမှု၊ သိမ်မွေ့နက်ရှိုင်းမှု၊ အမျိုးသားရေးအနှစ်သာရပြည့်ဝမှုတို့ကို သိမြင်ခံစားနိုင်စေပြီး မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် ဂုဏ်ယူဝင့်ကြွား အားထားလိုသော အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးအနွယ်ကို ထိန်းသိမ်းစောင့်ရှောက်လိုသည့် ဝံသာနုရက္ခိတစိတ်ဓာတ်၊ မွန်မြတ်သော မျိုးချစ်စိတ်ဓာတ်များ ပိုမိုထက်သန်မြင့်မားခိုင်မာစွာ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက မန္တလေးအမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်သော မန္တလေးတိုင်းဒေသကြီး (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးမြို့ရုံးစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို) မှ တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) နှင့် အနုပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ သဘင်ပညာရှင်များ၊ အကဲဖြတ်ပညာရှင် ဒိုင်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြိုင်ပွဲဝင်ဆုရရှိကြသူများ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များနှင့် တာဝန်ရှိသူများက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ ဘာသာရပ်အသီးသီးတွင် ဆုရရှိကြသူများအားဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်မှ ၁၆ ရက်ထိ အမျိုးသားကဇာတ်ရုံ(မန္တလေး) ၌ သုံးရက်ကြာကျင်းပခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်များမှ ပြိုင်ပွဲဝင် ၄၀၀ တို့မှ ဘာသာရပ်ပေါင်း ၂၁ မျိုးဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေ ၉၃ ဆု၊ ငွေ ၆၂ ဆု၊ ကြေး ၃၅ ဆု စုစုပေါင်း ၁၉၀ ဆု ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ဒေသဖွံ့ဖြိုးရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သော ရေစုပ်စက်များ လွှဲပြောင်းပေးအပ်

**ကောလင်း၊ အောက်တိုဘာ ၂၀**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သော ရေစုပ်စက်များကို တောင်သူများအား လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ လွှဲပြောင်းပေးအပ်ပွဲ၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က ရေစုပ်စက်များပေးအပ်ရခြင်းနှင့်ပတ်သတ်၍ ရှင်းလင်းပြောကြားကာ ပစ္စည်းများကို တောင်သူငါးဦးအား လွှဲပြောင်းပေးအပ်ခဲ့ပြီး အဆိုပါလွှဲပြောင်းပေးအပ်ပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်ကျော်စိုး(ပြန်/ဆက်)**

## ဆရာ၊ ဆရာမများ အရည်အသွေးမြှင့် သင်တန်းဆင်းပွဲ ကျင်းပ

**တောင်ကြီး၊ အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဆရာ၊ ဆရာမများ အရည်အသွေးမြှင့် သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၂ ရက် ညနေ ၄ နာရီခွဲက တောင်ကြီးမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် TKT သင်တန်းတာဝန်ခံ ဦးဝင်းဖေမောင်နှင့် သင်တန်းနည်းပြ ဆရာမ Victoria က သင်တန်းအတွေ့အကြုံများ ရှင်းလင်းပြောကြားခဲ့သည်။

အမရပူရပါတနာ ကုမ္ပဏီလီမိတက်မှ TKT သင်တန်းတာဝန်ခံ ဦးဝင်းဖေမောင်ကသင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား တာဝန်ရှိသူတစ်ဦးက လက်ခံရယူကြောင်း သိရသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က TKT သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် အလှူငွေ ကျပ်သိန်း ၅၀ နှင့် လက်ဆောင်ပစ္စည်းများကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ ပေးအပ်ရာ TKT သင်တန်းတာဝန်ခံ ဦးဝင်းဖေမောင်နှင့် သင်တန်းနည်းပြ ဆရာ၊ ဆရာမများက လက်ခံရယူကြသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အထက်တန်းပြဆရာ အိုင်းခန့်ကိုနှင့် သင်တန်းသူ ကျေးသီမြို့နယ်၊ အထက်တန်းပြဆရာမ ဒေါ်နန်းသီတာဝင်းမောင်တို့က အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာဖြင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

CALIFORNIA UNITEC
Institute of Engineering
edexcel
Approved Centre No. 93845



15th January 2015 တွင်ဖွင့်လှစ်မည့် Civil Engineering တန်းခွဲသစ် အတွက် ကျောင်းသူ/ကျောင်းသားများအားစတင် လက်ခံနေပါပြီ။

BTEC HND Higher National Diploma in Civil Engineering

- ကမ္ဘာ့အဆင့်မီ အရည်အသွေးပြည့်ဝသော Civil Engineer ဖြစ်လိုသူများအတွက် BTEC HND Civil Engineering Course များကို အင်္ဂလန်နိုင်ငံမှ Pearson - Edexcel သင်ရိုးညွှန်းတမ်းအတိုင်း တိကျစွာသင်ယူနိုင်ရန် နိုင်ငံခြားတက္ကသိုလ်ကြီးများ (အမေရိကန်၊အင်္ဂလန်၊နယူးဇီလန်၊ဂျပန်၊စင်္ကာပူ၊ထိုင်း၊ဖိလစ်ပိုင်) မှ Ph.D, Master of Engineering ဘွဲ့ရ Engineer များကိုယ်တိုင် နိုင်ငံခြားတက္ကသိုလ်ကြီးများမှ သင်ကြားပုံ နည်းစနစ်များအတိုင်း စာတွေ့လက်တွေ့ (Practical & Site Visits) များဖြင့် နိုင်ငံတကာအဆင့်မီ စနစ်တကျ English- Myanmar (၂)ဘာသာဖြင့် သင်ကြားပေးနေပါသည်။
- California Unitec မှ ကျောင်းသူကျောင်းသားများသည် Edexcel UK မှ Assignment များလာရောက်စစ်ဆေးမှုများတွင် Merits & Distinctions များကို Very High Quality Standard အရည်အသွေးမြင့်မားစွာဖြင့် အောင်မြင်မှုများရရှိနေကြပါသည်။
- ၁၀တန်း၊ GCE "O"Level အောင်၊ တက္ကသိုလ်ပထမနှစ် → Civil Engineering Foundation Course
- GCE "A"Level , တက္ကသိုလ်ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် → HND (Level 4 ) → HND (Level 5)
- HND Higher National Diploma ပြီးပါက B.E (Hons) Civil Engineering ဘွဲ့ကို California Unitec တွင်ဆက်လက်တက်ရောက်နိုင်ပါသည်။

Block C နှင့် D ကြား၊ 3F (တတိယထပ်)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးစေတီလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44
www.californiaunitec.com www.facebook.com/californiaunitec

သုံးရာသီ ဝမ္မဒါန
တောင်ကြီး-အင်းလေး-ပင်းတယ ထမင်းကျွေး—၄၅၀၀၀
ပုဂံ-ပုပ္ပါး-ပခုက္ကူ ထမင်းကျွေး—၃၅၀၀၀
ကျိုက်ထီးရိုး-စက်စဲ-ဇွဲကပင်-လမ်းဘုရား ၂၅၀၀၀
တောင်ကြီးမီးပုံးပျံပွဲ Oct 24 31
ကြိုတင်လက်မှတ်ရောင်းပြီ
420144148,421153797

မိဘအမည်မှန်
ကျွန်မ မသဲနုစံ[၁၂/မရက(နိုင်)၁၅၉၆၉၃] ၏ မိဘအမည်မှန်မှာ ဦးသန်းမြင့်[၁၂/မရက(နိုင်)၀၅၅၄၆၁]နှင့် ဒေါ်အေးမြင့်[၁၂/မရက(နိုင်)၀၅၅၄၆၃] ဖြစ်ပါသည်။

'ညဏ်ကြီးရှင်'
ဒေါ် ဇင်ဇင်ဇော်ဝင်း(LL.B.)
(WIPO)(DL-101-Switzerland)
09-25005862 4, 09-254001902, 0925000108 0

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရသစ်ကျေးရွာ ပညာ့ဘဏ်စာကြည့်တိုက်တွင် စာကြည့်တိုက်ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချ

**တောင်သာ၊ အောက်တိုဘာ ၂၀**

စာကြည့်တိုက်မှူးများကို စာကြည့်တိုက်လုပ်ငန်းများ ပိုမို၍ကျွမ်းကျင်ပါက ပြည်သူများအတွက် အထောက်အကူဖြစ်စေရန် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရသစ်ကျေးရွာ (ပညာ့ဘဏ်) စာကြည့်တိုက်တွင် ရသစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ကို စိတ်ပါဝင်စားသော ပြည်သူ ၃၁ ဦး ကို အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်ထိ စာကြည့်တိုက်ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချခဲ့သည်။

ကျေးလက်နေပြည်သူများ အသိပညာမြင့်မားစေရန်အတွက် ကျေးရွာစာကြည့်တိုက်မှူးများက စေတနာ၊ အနစ်နာခံ၍ စာအုပ်များငှားရမ်းပေးခြင်း၊ ဟောပြောပွဲများကျင်းပပေးခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ပေးခြင်းများကို အခွင့်အခါသင့်သလို စီမံဆောင်ရွက်ပေးလျက်ရှိသည်။

စာကြည့်တိုက်ဆင့်ပွားသင်တန်းအပြီးတွင် မြို့နယ်အတွင်းရှိ စံ( ၅ )ချက်ညီ စာကြည့်တိုက်များအတွက် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းက အခမဲ့ဖြန့်ဝေပေးသော စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေးလက်စွဲစာစောင်များကို ပေးအပ်ရာ ရသစ်ကျေးရွာ (ပညာ့ဘဏ်)စာကြည့်တိုက်မှူး ဒေါ်စန်းငွေက အားလုံး၏ကိုယ်စား လက်ခံရယူခဲ့သည်။

ထို့နောက် ကျောဇီကျေးရွာမှ ဦးဝင်းက “ကျွန်တော်တို့ကျေးရွာမှာလည်း လာရောက်ပို့ချစေလိုပါတယ်။ ဒါပေမယ့် ရန်ပုံငွေမရှိပါဘူး။ စာအုပ်ထိန်းသိမ်းခြင်းနဲ့ ပညာရပ်များခွဲခြားခြင်းကို သိရှိရတဲ့အတွက် အခုသင်တန်းဖွင့်လှစ်ပေးခြင်းကို ကျေးဇူးတင်ပါတယ်” ဟုပြောသည်။

“အလှူရှင်တစ်ဦးဦးက သင်တန်းဖွင့်လှစ်ဖို့ ကုန်ကျစရိတ်ကို ထောက်ပံ့ပြီးဆောင်ရွက်မယ်ဆိုရင် အခုထက်ပို အောင်မြင်မယ်လို့ ထင်ပါတယ်။ စာအုပ်စာပေ ပညာရပ်တွေကိုလည်း အခုသင်တန်းတက်မှ ဂဃနဏသိရှိပါတယ်။ သင်တန်းဖွင့်လှစ်တဲ့အတွက် ကျေးရွာအနေနဲ့ အထောက်အကူရပါတယ်” ဟု ရသစ်ကျေးရွာမှ ဦးသန်းဝင်းကပြောသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## ညောင်ဦးတွင် မိုးရွာသွန်းခြင်းကြောင့် စိုက်ခင်းများ ချောင်းရေတိုက်စားမှုများဖြစ်ပေါ်



**ညောင်ဦး၊ အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မိုးကောင်းကြိုက်တောင်သူများ အသီးနှံစိုက်ပျိုးထားလျက်ရှိရာ မိုးဦးတွင် မိုးရွာသွန်းမှုနည်းပါးခဲ့၍ မိုးလယ်တွင်လည်း မိုးအသင့်တင့်ရွာခဲ့ပြီး အောက်တိုဘာ ၁၇ ရက်ည ၇ နာရီက ရွာသွန်းခဲ့သောမိုးမှာ သည်းထန်ပြီး မိုးသက်လေပြင်း တိုက်ခတ်ခဲ့သည့်အတွက်ကြောင့်တောင်သူများ၏ သီးနှံစိုက်ခင်းများ ချောင်းရေတိုက်စားမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ ဒီနှစ်မိုး ရွာမှရွာပါ့မလားလို့ အိပ်လို့တောင်မပျော်ခဲ့ပါဘူး။ မိုးမရွာတော့ရင် ခက်ပြီပေါ့။ မိုးမရွာရင်တော့ ကိုယ့်သေတွင်းကိုယ်တူးပြီး သေရမယ့်သဘော ဖြစ်နေတယ်။ ဒီမိုးသာမရွာရင်တော့ သောက်သုံးရေကလဲရှားစပြုလာပြီး အခုလို မိုးရွာလိုက်တော့ ကန်ရေတွေလဲ ဝင်တယ်။ ကန်ရေဝင်တော့ သောက်ရေသုံးလ လေးလလောက်တော့ ပူစရာမလိုတော့ပါဘူးဗျာ။ ပဲကလည်း ဖော်ခါနီးပြီ။ ပဲပေါ်တုန်း ရေအတွက်တော့ မပူပင်ရပါဘူး။ တစ်ခုကောင်းရင် တစ်ခုမကောင်းဆိုသလိုပေါ့။ မိုးရွာလို့ တောင်သူတွေ အဆင်ပြေပေမယ့် ပဲခင်းတွေချောင်းရေ တိုက်စားမှုဖြစ်ခဲ့တယ်” ဟု ရွာသာအေးကျေးရွာမှ ပဲတီစိမ်းစိုက်တောင်သူ ဦးချိုင်းက ပြောသည်။

“ဒီမိုးကကောင်းခဲ့ရင် တော်တော်ကောင်းတယ်။ ကျွန်တော်တို့ရွာမှာ ပဲတီစိမ်းခင်းတွေ ချောင်းရေတိုက်စားသွားတယ်။ သုံးလမြေပဲခင်း၊ ခြောက်လမြေပဲခင်း ချောင်းရေတိုက်စားခံခဲ့ရတယ်။ ပဲခင်းတွေမှာချောင်းရေတိုက်စားတော့ မြေပဲဥတွေလုံးလုံးပေါ်နေတယ်။ ကျွန်တော်တို့တစ်ရွာလုံးဆိုရင် မြေပဲခင်းနဲ့ ပဲတီစိမ်းခင်း ဧက ၂၀ နီးပါးလောက် ချောင်းရေတိုက်စားခံခဲ့ရတယ်”ဟု ရွာသာအေးရွာ အုပ်ချုပ်ရေးမှူး ဦးကြီးအောင်က ပြောသည်။

“ကျွန်တော်တို့ ဒီမိုးရွာလိမ့်မယ်လို့ မထင်မိဘူး။နေ့ခင်းမှာ တစ်နေ့ခင်းလုံး နေပူတယ်။ တစ်နေကုန်လုံး နေပူလို့ အလုပ်မလုပ်နိုင်ဘူး။ ညရောက်တော့မှ မိုးအုံ့လာပြီး ရွာချလိုက်တာ ချောင်းရေတွေလဲကျတယ်။ ကန်ရေတာတွေလဲ ကျိုးသွားတယ်။ တာကိုတော့ တစ်လောကမှ ကျွန်တော်တို့ တစ်ရွာလုံး ဝိုင်းဝန်းပြီး ကန်ပေါင်ဆင်ထားပါတယ်။ အခု ကျိုးပေါက်သွားပြီ”ဟု ယမ်းစမ်းရွာသားတစ်ဦးက ပြောသည်။

**ကျော်ဌေး(ညောင်ဦး)**

## စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်တွင် မိုးရွာသွန်း၍ အောင်ရေရရှိကာ မိုးစပါးများဖြစ်ထွန်းအောင်မြင်

**ကနီ၊ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၌ ယခုနှစ်တွင် မိုးစပါးစိုက်ဧက ၂၁၀၃၂ ဧကစိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးရုံး တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းမိုးစပါးများ အောင်မြင်ရန် ရေလိုအပ်နေချိန် အောက်တိုဘာလဆန်းပိုင်း၌ အိန္ဒိယနိုင်ငံတွင် ဝင်ရောက်တိုက်ခတ်ခဲ့သော Hud Hud ဆိုင်ကလုန်းမုန်တိုင်းရဲ့ အကျိုးဆက်ကြောင့် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင်လည်း နေရာကွက်ကျားမိုးများရွာသွန်းခဲ့ရာ ကနီမြို့နယ်တွင်လည်း အောက်တိုဘာ ၁၂ ရက်မှ ၁၈ ရက်အတွင်း မိုးများရွာသွန်းခဲ့သဖြင့် တောင်သူများအတွက် မိုးစပါးအောင်ရေများ ရရှိခဲ့ကာ မိုးစပါများ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် တောင်သူများအနေဖြင့် တောင်ကျချောင်းရေကို မြောင်းများဖြင့် သွယ်ယူစိုက်ပျိုးကြကြောင်းသိရသည်။

၎င်းဒေသသည်မိုးကောင်းသောက်ဒေသများဖြစ်၍ မိမိတို့ဒေသနှင့် ကိုက်ညီသော စပါး၊ပြောင်း၊ ဂျုံ၊ နှမ်း၊ မြေပဲ၊ ဝါနှင့် ပဲအမျိုးမျိုးတို့ကိုရာသီ အလိုက် မိရိုးဖလာ မျိုးကောင်းများ စိုက်ပျိုးကြ၍ စပ်မျိုးမျိုးကောင်း မျိုးသန့်များကိုလည်း မြို့နယ်စိုက်ပျိုးရေးရုံးမှ မှာယူစိုက်ပျိုးကြကြောင်း သိရသည်။

“ကျွန်တော်က လယ်မြေနှစ်ဧကရှိပါတယ်။အရင်နှစ်က လယ်မြေ ဝဒသမ ၅၀ ဧကတွင် မြို့နယ်စိုက်ပျိုးရေးရုံးမှ ပုလဲသွယ်စပ်မျိုးစပါးကို မှာယူစမ်းသပ်စိုက်ပျိုးကြည့်ရာ စပါး ၅၅ တင်းထွက်ပါတယ်။ မိရိုးဖလာ စပါးက ၁ဒသမ ၅၀ ဧကမှ ၁၂၅ တင်းသာထွက်တဲ့အတွက် ပုလဲသွယ်က အထွက်သာသောကြောင့် ဒီနှစ်မှာ ပုလဲသွယ်စပ်မျိုးစပါးကို လယ်မြေ ၁ ဒသမ ၈၀ ဧကစိုက်ပျိုးထားရာ စပါးတင်း ၂၄၀ ခန့် ထွက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ မိရိုးဖလာ မိုးစပါးစိုက်တောင်သူများလည်း အခုရက်ပိုင်းမှာ လိုအပ်နေတဲ့ အောင်ရေများရရှိကြလို့ စပါးခင်းများ ဖြစ်ထွန်းအောင်မြင်ကြပါတယ်”ဟု ဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။

**သန်းဌေးအောင်(ကနီ)**

## ကောလင်းမြို့နယ်တွင် တောင်သူကိုးဦး၏ စပါးခင်းတွင်းသို့ ငါးသားပေါက်များ စိုက်ထည့်

**ကောလင်း၊ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ မြေနီအုပ်စု၊ တံဇူးကျေးရွာ တောင်သူဦးမြစန်းငွေနှင့် တောင်သူကိုးဦးတို့၏ စပါးခင်း ၆၅ ဧက အတွင်းသို့ ငါးသားပေါက်များစိုက်ထည့်ပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီက ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

စပါးခင်း ၆၅ ဧက အတွင်းသို့ ငါးသားပေါက်များစိုက်ထည့်ပွဲကသာခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းတင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှအဖွဲ့ဝင်များ၊ တောင်သူများတက်ရောက်ကြပြီးငါးသားပေါက်ကောင်ရေ ၃၂၅၀၀ ကိုစပါးခင်းများတွင် စိုက်ထည့်ခဲ့ကြသည်။

ထို့နောက် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ရေကြီးနစ်မြုပ်ခဲ့သော ငါးမွေးသူ ၁၀ ဦး၏ ဧရိယာ ၁၀ ဒသမ ၅၄ ဧကရှိ ငါးမွေးကန်များတွင် ပြန်လည်ထည့်သွင်းမွေးမြူနိုင်ရေးအတွက် မြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ တီလားပီးယား၊ ငါးသန်ကောင်ရေ ၈၀၀၀၀ ကို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်စိုး(ပြန်/ဆက်)**


**ပျောက်ဆုံးကြောင်း**
ကျွန်တော် ကိုသီဟဇော်[၁၂/အလန (နိုင်)၀၄၅၃၄၄]၏ PP No-M-314635 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း-၀၉-၇၃၂၀၈၅၁၁

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးစန်းရှိန်[၁၂/အလန(နိုင်)၀၃၈၃၄၉]၏ PP No-M-171359 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း-၀၉-၇၃၂၀၈၅၁၁

**ဆိုင်ခွဲတိုင်းမှာ ရောင်းကောင်းတာ ဘာကြောင့်လဲ ?**
ရှေးရည်မှန်ကန်မှုကြောင့်လား? ဈေးနှုန်းမှန်ကန်မှုကြောင့်လား? ဆက်ဆံရေးပြေပြစ်မှုကြောင့်လား?
**YL ရိုလုံရွှေဆိုင်ကြီး(လက်လီလက်ကား)**
ဦးလှဝေ + ဒေါ်ဝင်းမြင့်လွင်
ရိုလုံ (၁) - အမှတ်(S-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။ ☎-၀၁-၂၀၀၇၄၇(Ext.)၂၀၀၈၊ ၀၉-၄၅၀၀၅၁၃၃၃
ရိုလုံ (၂) - ကိုနိုင်နိုင်ဦး + မလဲ့ရည်ရှား
အမှတ်(F-1)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။ ☎-၀၁-၂၀၀၇၄၇(Ext.)၂၀၀၈
ရိုလုံ (၃) - (ပလက်တီနမ်ဆိုင်)ကိုနိုင်နိုင်ဦး + မလဲ့ရည်ရှား (C-5)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။☎-၀၁-၂၀၀၇၄၇(Ext.)၂၈၀၀
ချွန်းလုံ - ဒေါက်တာတင်အောင်ဝေ + ဒေါက်တာချောစုငယ်
ရွှေဆိုင် အမှတ်(C-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။ ☎-၀၉-၇၃၁၀၃၀၉၀၊ ၀၁-၂၀၀၇၄၇(Ext.)၂၂၂၅
ချွန်းလုံ - ကိုဘုန်းကျော်ဝေ + မငုဇင်သိန်း
ရွှေဆိုင် H-10၊ ယုဇနပလာဇာ (ပထမထပ်)။ ☎-၀၉-၇၃၀၅၁၁၀၁၊ ၀၉-၇၃၁၅၆၉၀၁၊ ၀၁-၂၀၀၇၄၇(Ext.)၂၈၈၀

**POSSIBLE** Travels & Tours
တန်ဆောင်တိုင်မီးပုံးပျံပွဲ ခရီးစဉ်များ
- တောင်ကြီးမီးပုံးပျံပွဲ ခရီးစဉ် (Scania 2+1) Nov 4 ၁၉၅၀၀၀
- ပြင်ဦးလွင် မီးပုံးပျံပွဲ မန္တလေး-စစ်ကိုင်း ခရီးစဉ် Nov 4 ၁၆၉၀၀၀
- ထိုင်း-မြန်မာ ချစ်ကြည်ရေး မီးပုံးပျံပွဲ ထားဝယ်-ရှင်ကိုးရှင်-မောင်းမကန် } ခရီးစဉ် Nov 5 ၁၉၅၀၀၀
အဆင့်မြင့် ဟိုတယ်၊ Scania ကားများဖြင့် စရိတ်ငြိမ်း
ဖုန်း- ၀၁-၇၀၆၇၁၆၊ ၀၁-၃၇၂၇၉၅၊ ၀၉-၉၇၂၄၆၆၁၂၆
(Hot Line - ၀၉-၂၅၉၂၅၇၈၂၁ ၀၉-၂၅၉၂၅၇၈၂၃)

**ပန်းခကား**
အင်းစိန်မြို့နယ်ရှိ (၁၅'×၄၅')၊ 1MBR,1BR,ပါကေး၊ကြွေပြားခင်း၊ Lift ပါ၊ အသင့်နေထိုင်ရုံတိုက်ခန်းများ သိန်း ၂၀၀ နှင့် ၂၅၀ ကြား ရောင်းရန်ရှိသည်။
ဆက်သွယ်ရန်ဖုန်း-
09-250448339 ,
09-250007561

**အမည်ပြောင်း**
အမကမူလွှန်(၂၇)၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊ ဆဌမတန်းမှ ဦးဇော်မင်း [၁၂/မဂဒ(နိုင်)၀၅၅၅၂၂]၏ သမီး မမြင့်မြတ်စိုးအား ယနေ့မှစ၍ မမြင့်မြတ်မိုးဟု ပြောင်းလဲ ခေါ်ဆိုပါရန်။ **မမြင့်မြတ်မိုး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ဇလွန်မြို့နယ်၊ သရက်ကုန်းကျေးရွာ ဦးအောင်စိုး၏သား၊ စောရစ်ချတ်[၁၄/ဇလန(နိုင်)၁၄၂၂၆၀] (၂၀-၄-၉၂)စောဂျိုးဂျိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
စောရစ်ချတ်(ခ)စောဂျိုးဂျိုး

# ကျောက်ရစ်ရွာနှင့် ပရိမ္မရွာများသို့သွားရောက်၍ စာပေရေချမ်းစင်များ၌ စာစဉ်အသစ်များ ထပ်မံဖြည့်ဆည်းခြင်းများဆောင်ရွက်

**မြောင်၊ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်စိုးနှင့် ဝန်ထမ်းများသည် စာပေရေချမ်းစင်ထားရှိသည့် ကျေးရွာတိုက်နယ်များ၌ စာပေရေချမ်းစင် စာအုပ်များ ထပ်မံဖြည့်ဆည်းခြင်းကို အောက်တိုဘာ ၁၆ ရက်မွန်းလွဲ ၂ နာရီတွင် ကျောက်ရစ်ကျေးရွာ၊ ပရိမ္မကျေးရွာများသို့ သွားရောက်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။



"အခုလို စာပေရေချမ်းစင်ထားရှိပေးတာ တကယ်ကောင်းပါတယ်။ စာအုပ်လေးတွေက ကဏ္ဍစုံပါတယ်။ ဖတ်လို့ကောင်းပါတယ်။ ရေချမ်းစင်ဆိုတာ မည်သူမဆို ရေဆာတဲ့အခါ သောက်နိုင်တယ်။ အခု လက်ဖက်ရည်ဆိုင်မှာထားရှိတဲ့ စာပေရေချမ်းစင်လေးထဲက စာအုပ်လေးတွေကို စာဖတ်ချင်တဲ့ လူကြီး၊ လူငယ် အချိန်မရွေး ဖတ်လို့ရတယ်။ စာအုပ်တွေကို ပြန်/ဆက်ဝန်ထမ်းတွေက လစဉ်လာရောက်ဖြည့်ဆည်းပေးကြတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ကျောက်ရစ်ကျေးရွာမှ ပြည်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့မြို့နယ်မှာ စာပေရေချမ်းစင် ၁၀ ခုထားရှိပါတယ်။ မြို့ပေါ်မှာဆိုရင် ဆေးရုံ၊ ဈေး၊ ကားဂိတ်နဲ့ လက်ဖက်ရည်ဆိုင်တွေမှာ စာပေရေချမ်းစင် ငါးခုနဲ့ တိုက်နယ်ကျေးရွာတွေမှာ စာပေရေချမ်းစင် ငါးခု ထားရှိပြီးဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

စာပေရေချမ်းစင်များတွင် စာအုပ် ၁၃ မျိုးကို လစဉ်၊ အပတ်စဉ်အလိုက် မြို့ပေါ်နှင့် တိုက်နယ်ကျေးရွာများသို့ အသစ်ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ကျောက်ရစ်ကျေးရွာတွင် စာပေရေချမ်းစင်ဖတ်ရှုသည့် စာပေဝါသနာရှင်များက အပတ်စဉ်ဂျာနယ်ရှစ်မျိုးကို စာပေရေချမ်းစင်ထားရှိရာ လက်ဖက်ရည်ဆိုင်၌ တင်ပေးထားသောကြောင့် မည်သူမဆို စာစဉ်များနှင့် ဂျာနယ်များကိုအခမဲ့ ဖတ်ရှုနိုင်ခဲ့သည်။ **မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

# မလှိုင်မြို့နယ်တွင် စိုက်ပျိုးထားသော မိုးနှောင်းချည်မျှင်ရှည်ဝါ စံပြကွက်အား ကြည့်ရှုစစ်ဆေး

**မလှိုင်၊ အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး(ဝါ) ဦးထွန်းဝင်းသည် မိတ္ထီလာခရိုင်ဦးစီးမှူး ဦးအေးလွင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ အောက်တိုဘာ ၁၄ ရက်က မလှိုင်မြို့နယ်၊ ဆည်တောကျေးရွာရှိ မိုးနှောင်းချည်မျှင်ရှည်ဝါ မြို့နယ်စံပြကွက်ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ဒုတိယတိုင်းဦးစီးမှူးနှင့်အဖွဲ့သည် ရုံးပင်စောက်ကျေးရွာအုပ်စု၊ ဆည်တောကျေးရွာတောင်သူ ဦးစိုးအောင်၏ ကွင်းအမှတ် ၃၆၃ တွင် စိုက်ပျိုးထားသော ရွှေတောင် (၈)ဝါ ၁ ဒသမ ၅၀ ဧက စိုက်ပျိုးထားရှိမှုနှင့် ငွေချည် (၉) ဝါ ၁ ဒသမ ၅၀ ဧက စိုက်ပျိုးထားသော မြို့နယ်စံပြကွက်အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းသို့သွားရောက်ကြည့်ရှုခဲ့ရာ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဦးခင်မောင်ကြည် (ရိုးရှေ့တန်း) မှ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ၂၀၁၄ ခုနှစ် မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးထားရှိမှုအခြေအနေများကိုအသေးစိတ် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**အောင်ဗွေး(မလှိုင်)**

# ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် လူမှောင်ခိုလူကုန်ကူးမှု အသိပညာပေးဟောပြောပွဲ ကျင်းပ

**ခရမ်း၊ အောက်တိုဘာ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကြီးကြပ်မှုဖြင့် တန်ဖိုးနည်းအာဟာရချက်ပြုတ်နည်း သရုပ်ပြပွဲနှင့် လူမှောင်ခိုလူကုန်ကူးမှု အသိပညာပေးဟောပြောပွဲကို ခရမ်းမြို့နယ် ဒေးပေါက်စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲရုံးတွင် အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကေသီခိုင်နှင့် အဖွဲ့ဝင်များက ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လေးလေးနိုင်နှင့် အဖွဲ့ဝင်များ၊ ခရမ်းမြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူး ခင်စိုးနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနခွဲမှ ဆရာမများနှင့် ကျေးရွာမှ ကိုယ်ဝန်ဆောင်နှင့် သားဖွားမိခင်များ၊ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကေသီခိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လေးလေးနိုင်တို့မှ တန်ဖိုးနည်းအာဟာရအကြောင်းပြောကြား၍ သရုပ်ပြ ချက်ပြုတ်ပြသခဲ့သည်။

ယင်းနောက် ကိုယ်ဝန်ဆောင်၊ အိမ်ထောင်သည်နှင့် သားဖွားမိခင်တို့အား ထောက်ပံ့ငွေနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ တက်ရောက်လာသူများအား ခရမ်းမြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူးခင်စိုးမှ လူမှောင်ခို လူကုန်ကူးမှုဆိုင်ရာ ပညာပေးဇာတ်လမ်းများပြသ၍ အသိပညာပေးဟောပြောခဲ့ပြီး ကျေးရွာမူလတန်းကြို နေ့ကလေးထိန်းကျောင်းတွင် ရင်သွေးငယ်များအား အေရီးမားအာဟာရမှုန့်များ တိုက်ကျွေး၍ ကျန်းမာစေရန် သန့်လေးသန့်ကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

# သက်တမ်းတိုးလုပ်ငန်းများဆောင်ရွက်ပေး

**စဉ့်ကူး၊ အောက်တိုဘာ ၂၀**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မှတ်ပုံတင်ပြုလုပ်ပြီး နယ်မြေအတွင်းရှိ စဉ့်ကူးမြို့၌ အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးသင်တန်း ဖွင့်လှစ်ခဲ့သည်။

လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင် ၂၃ဦးတို့သည် အောက်တိုဘာ ၁၇ ရက်တွင် ယာဉ်မောင်းစစ်ဆေးခြင်းအားလည်းကောင်း၊ အောက်တိုဘာ ၁၈ ရက်တွင် ယာဉ်နှင့်ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းအားလည်းကောင်း ဆောင်ရွက်ပေးခဲ့သည်။ **သီဟကိုကို(မန္တလေး)**

# ဘုရားတောင်ပင်လယ်ဝကမ်းခြေတွင် စားကြွင်းစားကျန်နှင့် အမှိုက်များ ပျံ့နှံ့နေ

**ရေး၊ အောက်တိုဘာ ၂၀**

မွန်ပြည်နယ် ရေးမြို့ကျက်သရေဆောင်ဖြစ်သော အစင်စံပြကျေးရွာရှိ ဆိပ်ကလေးကျေးရွာ ဘုရားတောင်ပင်လယ်ဝကမ်းခြေတစ်လျှောက်လုံး နေရာအနှံ့အပြားများတွင် လူတို့၏ စားကြွင်းစားကျန် စွန့်ပစ်အမှိုက်များမှာ ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

စွန့်ပစ်အမှိုက်များမှာ ဘီယာပုလင်းခွံများ၊ ပုလင်းကွဲများ၊ ပလတ်စတစ်အိတ်များ၊ ငါးအူချောင်းထိုးသည့် ချွန်ထက်သောဝါးတုတ်များမှာ သိမ်းဆည်းခြင်း၊ စနစ်တကျစီစဉ်ဆောင်ရွက်ထားခြင်းမရှိသဖြင့် အဆိုပါ စွန့်ပစ်အမှိုက်များမှ ထွက်ရှိလာသော အနံ့အသက်ဆိုးများကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ညစ်ညမ်းနေသည့်အပြင် အမြင်အားဖြင့်လည်း အရုပ်ဆိုးအကျည်းတန်နေကြောင်း တွေ့ရသည်။

၎င်းအပြင် ပင်လယ်ကမ်းခြေသို့ အနယ်နယ်အရပ်ရပ်မှ လာရောက် အပန်းဖြေသူများကိုလည်း စိတ်အနှောင့်အယှက်ဖြစ်ပေါ်စေသောကြောင့် ပင်လယ်ကမ်းခြေအား အဆင့်မြင့် သန့်ရှင်းသာယာလှပစေရန် တာဝန်ရှိသူများနှင့် အများပြည်သူတို့မှ စည်းကမ်းရှိစွာနေထိုင်စားသောက်ကြ၍ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းလိုသူများကပြောသည်။

**ထွန်းထွန်း(ရေး)**

Fame Mega Fashion Design & Tailoring Training Centre (ပညာဒါနသင်တန်း)

ခေတ်မှီလှပ၍ စတိုင်ကျကျသပ်ရပ်သော အဝတ်အစား ဒီဇိုင်နာ ဖြစ်လိုသူများအတွက် ပညာဒါနသင်တန်း အမှတ်စဉ် (၃)ကို ဖွင့်လှစ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ (၂၇–၁၀–၂၀၁၄) နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

မှတ်ချက် – လူဦးရေ ကန့်သတ်ထားပါသည်။ ဖုန်း – ၀၉ ၂၅၄၁၅၆၈၃၁၊ ၀၉ ၂၅၀၆၃၉၉၆၇ လိပ်စာ – တိုက် (၁၄၀)၊ ၄၈ လမ်း (အပေါ်ဘလောက်) ဗိုလ်တစ်ထောင်မြို့နယ်

ထပ်ဆင့်အကယ်ဒမီဒေါ်မြင့်မြင့်ခိုင်၏
Supreme Broadway Institute (S.B.I)
အနုပညာသရုပ်ဆောင်သင်တန်း၊ အပတ်စဉ်(၅)အတွက်ခေါ်ယူခြင်း။

၁။ သင်တန်း၌ ဝါရင့်သမ္ဘာရင့် ရုပ်ရှင်၊ ဒါရိုက်တာနှင့် သရုပ်ဆောင်များကို ကိုယ်တိုင်အထူးသင်ကြားပေးမည်။
၂။ သင်တန်းကာလအတွင်း၌ စိမ်းဝါနီ (ရုပ်ရှင်ဗွီဒီယို) ထုတ်လုပ်ရေးမှ ထုတ်လုပ်သော ဇာတ်ကားများတွင်ပါဝင်စေရန် အတွက် ရည်ရွယ်ပါသည်။
၃။ သင်တန်းကာလအတွင်း စာတွေ့၊ လက်တွေ့ ကွင်းဆင်းရိုက်ကူးပေးမည်။
၄။ စိမ်းဝါနီ၊ (ရုပ်ရှင် ဗွီဒီယို) ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်(ထုတ်လွှင့်)သော အမှတ်တမဲ့ ဒေါသ၊ ပျော်ရွှင်ခြင်းသာ သယ်ခဲ့ပါ၊ ဖိုးဖိုးကိုချစ်တယ် ဇာတ်လမ်းတိုများ (ဒီဇင်ဘာည) ဗွီဒီယိုဇာတ်ကားနှင့် Sky Net ဇာတ်လမ်းတွဲဖြစ်သော (မမွဝိလာသ) ရိုက်ကူးပြီးစီးပြီးဖြစ်ပါသည်။
၅။ "Celebrity and me" သရုပ်ဆောင်ပြိုင်ပွဲတွင် ဆုရရှိသွားသူများ မွေးထုတ်ပေးခဲ့သော သင်တန်းဖြစ်ပါသည်။
၆။ သင်တန်း၊ အပတ်စဉ်(၅)ကို နိုဝင်ဘာလ ဒုတိယအပတ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။ (လူဦးရေကန့်သတ်ထားပါသည်။)
၇။ နယ်မှလာတက်သူများအတွက် ကျား/မ ဘော်ဒါလက်ခံပါသည်။
လျှောက်လွှာဝယ်ယူမည့်နေရာ-
ရန်ကုန် - YMCA၊ အမှတ် - ၂၆၃၊ မဟာဗန္ဓုလလမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၉၄၁၀၉၊ ၀၁-၂၉၄၁၂၈၊ ၀၁-၂၉၄၀၀၃၊ ၀၁-၂၉၆၀၇၄၊ ၀၉-၅၀၄၉၁၇၇၊ ၀၉-၇၃၀၄၇၄၇၇

ရွှေသားစစ်စစ်လက်ဆောင်မွန်
MYANMAR GOLD DEVELOPMENT Public Co.,Ltd
MGD ရွှေစင်ရွှေသားစစ်စစ်ဖြင့် ကန်တော့ကြရအောင်




ငွေကျပ်တစ်သိန်းဝန်းကျင် = = 2.5 ဂရမ်ရွှေပြား
မြန်မာ့ပထမဆုံး MGD အမှတ်တံဆိပ် 99.99 % ရွှေပြားဖြင့် ကန်တော့ကြရအောင်
MGD ရွှေပြားများကို မိဘ ဆရာသမားများအား ဂါရဝပြု လက်ဆောင်ပေးခြင်း၊ ပညာရေးဆုချီးမြှင့်ဆုများ၊ မင်္ဂလာလက်ဖွဲ့များ၊ ဝန်ထမ်းဆုချီးမြှင့်ဆုများအတွက် ဂုဏ်ပြုလက်ဆောင်အနေဖြင့်လည်း အသုံးပြုနိုင်ပါသည်။
2.5 Gram 5 Gram

# ပုလောမြို့နယ်တွင် ရေလုံလောက်စွာရရှိရန် ရေပိုက်လိုင်းများ လဲလှယ်

**ပုလော၊ အောက်တိုဘာ ၂၀**

ပူပြင်းသော နွေရာသီကာလ မြို့ပေါ်ရပ်ကွက်များ ရေအခက်အခဲမဖြစ်ပေါ်စေရေး ရေပြတ်လပ်မှု မရှိစေရေးတို့အတွက် မြို့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ငွေကျပ် ၁၆၂၀၀၀၀ ဖြင့် အဓိကရေပိုက်လိုင်းများ လဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ ရေပိုက်လိုင်းများကို (GI) သံပိုက် ၄ လက်မ အရှည် ၂၀ ပေ လေးလုံးနှင့် ၄ လက်မ (GI) အိတ်ဘား နှစ်လုံးဖြင့် လဲလှယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရခြင်းမှာ ကျောက်ပုထိုးရေတံခွန်မှ ထွက်ရှိလာသောရေကို ရေဂါလန်လေးသောင်းကျော်ဆံ့သည့် ကိုးထောင်ရေလှောင်ကန်မှတစ်ဆင့် မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများ နွေရာသီကာလ ရေရှားပါးမှုမှ ကင်းဝေးစေရေးအတွက် ရည်ရွယ်ကာ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့များမှ ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ပုလော ပြန်/ဆက်**

# ပြည်သူများအတွက် အကျိုးပြုမည့် မြို့ရှောင်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ကလေး၊ အောက်တိုဘာ ၂၀**

ကလေးတွင် မြို့ရှောင်လမ်း ဖောက်လုပ်ရန်အတွက် အနောက်ဖက်ခြမ်းရှိ လယ်ယာမြေများကိုဖြတ်၍ ဖောက်လုပ်မည့် လမ်းကြောင်းနေရာနှင့် မြို့နယ် စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောက်လုပ်မည့် ကျောက်ခုံခံသစ်သားတံတား သုံးစင်းနေရာကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၈ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



နိုင်ငံတော်သမ္မတကြီး ကလေးမြို့သို့ ရောက်ရှိစဉ် အောင်ဇေယျရိပ်သာ၌ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာတွင် မြို့ရှောင်လမ်းအဖြစ် အောင်သစ္စာရပ်ကွက်မှ မြို့လှရပ်ကွက်အထိ အများပြည်သူသုံး လမ်းမဖောက်လုပ်နိုင်ရေး တင်ပြကြရာ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ROSE WOOD ကုမ္ပဏီက ၂၀၁၃ ခုနှစ် ဇွန်လ ၁၆ ရက်မှ စတင်တာဝန်ယူ ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြို့ရှောင်လမ်းသည် အောင်သစ္စာရပ်ကွက်အတွင်း အရှည် ၆၁၄၁ ပေ၊ မြို့လှရပ်ကွက်အတွင်း အရှည် ၄၇၄၂ ပေ၊ စုစုပေါင်းအရှည် ၁၀၈၈၃ ပေနှင့် လမ်းသား အကျယ် ၆၀ ပေရှိ တစ်ကြောင်းထိုးမြေသားလမ်းအား မြို့ရှောင်လမ်းဖောက်လုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် လယ်ယာမြေများကို ဖြတ်၍ ဖောက်လုပ်ခြင်းဖြစ်ပြီး လယ်ပိုင်ရှင်များကလည်း ယင်းမြို့ရှောင်လမ်းမကြီး ဖောက်လုပ်ရန်အတွက် သဘောတူခဲ့ကြသည်။

ယခုအချိန်တွင် ကလေးမြို့နယ်သည် လူဦးရေများပြားလာသည်နှင့်အမျှ ယာဉ်ကြီး၊ ယာဉ်ငယ်များလည်း အလွန်များပြားလာပြီး ဗိုလ်ချုပ်လမ်းမ တစ်လမ်းတည်းသာ အများပြည်သူအသုံးပြုကြသည့်အတွက် သွားလာရေး အလွန်ကြပ်တည်းလျက်ရှိရာ အများပြည်သူကို အကျိုးပြုမည့် မြို့ရှောင်လမ်းမကြီး အမြန်ဆုံးပြီးစီးနိုင်ရေး ဒေသခံများမျှော်လင့်နေကြကြောင်းသိရသည်။ **ဂျိုးနက်**

# တမူးမြို့နယ်တွင် ပုလဲသွယ်စပ်မျိုးစပါး မိုးစပါးစံကွက် ငါးဧက ရိတ်သိမ်းပွဲကျင်းပ

**တမူး၊ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၊ မြို့မအုပ်စု ဦးပိုင်အမှတ်(၃၉)၊ ကွင်းအမှတ်(၂၅၅-B)ကွင်းရှိ တောင်သူဦးမြင့်ဆွေ၏ ပုလဲသွယ်စပ်မျိုးစပါး ငါးဧက စံပြစိုက်ကွက်တွင် အောက်တိုဘာ ၁၅ ရက်က မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်(၁)၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်သော်၊ ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးမျိုးကြည်၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးတင်မောင်ဆွေ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးသန်းဦးနှင့် မြို့နယ်စိုက်ပျိုးရေးနှင့်ညှိနှိုင်းရေးအဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ခဲ့ကြသည်။

တောင်သူဦးမြင့်ဆွေ၏ လယ် ၂၇ ဧကရှိသည့်အနက် ပုလဲသွယ်စပ်မျိုးစပါး ငါးဧက စိုက်ပျိုးခဲ့ရာ စံကွက်တစ်ဧကလျှင် ၁၃၅ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား(ပြန်/ဆက်)**

# ကျိုက်ထိုမြို့နယ် သမဝါယမအသင်းနှင့် နီလာဈေး သမဝါယမ အရပ်ရပ်ဆိုင်ရာ အစည်းဝေးကျင်းပ

**ကျိုက်ထို အောက်တိုဘာ ၂၀**

ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုလီမိတက်နှင့် နီလာဈေးသမဝါယမအသင်းလီမိတက်တို့၏ ၂၀၁၃/၂၀၁၄ ခုနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီခွဲတွင် မြို့နယ်အသင်းစုရုံးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းနေ့ကကျင်းပသည့် အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်လွင် ပြည်နယ်သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှဟန်ပြည်နယ်အသင်းစုချုပ်ဥက္ကဋ္ဌ ဦးစိန်တိတ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးဝင်းမြင့် မြို့နယ်သမဝါယမဦးစီးဌာနမှဦးစီးအရာရှိ ဦးဝင်းစိန်နှင့် ဝန်ထမ်းများ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစံမြနှင့် ဧည့်သည်တော်များ မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ ရပ်ကွက်ကျေးရွာများမှ အသင်းသူအသင်းသားစုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးမောင်မောင်လွင်မှ သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားကိုပြောကြားကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်လွင် ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဟန်ပြည်နယ်အသင်းစုဥက္ကဋ္ဌ ဦးစိန်တိတ်တို့က အသင်းနှင့် ပတ်သတ်သည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အသင်းစုအုပ်ချုပ်မှု ဒါရိုက်တာဒေါ်ဇင်ဇင်ခိုင်မှ အသင်း ၏ အစီရင်ခံစာအားဖတ်ကြား၍ နီလာဈေးသမဝါယမအသင်းလီမိတက်မှ အသင်းအတွက် ကိုယ်ကျိုးမငဲ့ဘဲ စွမ်းဆောင်ခဲ့သော အသင်းသား ၂၅ ဦးကို စွမ်းဆောင်ရည်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့ပြင် ၂၀၁၃/၂၀၁၄ ခု ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးများနှင့် အောင်မြင်ခဲ့သော အသင်းသားများ၏ သားသမီးသုံးဦးကို တစ်ဘာသာလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ငွေကျပ်တစ်သိန်းကိုလည်းကောင်း ဆင်းရဲနွမ်းပါးသည့် မူလတန်းကျောင်း ခြောက်ကျောင်းမှ ကျောင်းသားဦးရေ ၁၀၃၃ အတွက် ငွေကျပ်ခြောက်သိန်းကျော်တန်ဖိုးရှိ ခဲတံနှင့် ဗလာစာအုပ်များကို ကျောင်းအုပ်ကြီးများထံပေးအပ်လှူဒါန်းခဲ့သည်။ **ဝင်းမောင်(ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာများသို့ ကွင်းဆင်းပေါင်းစပ်ဆောင်ရွက်မှုများမှ လုပ်ငန်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်

**မြင်းခြံ၊ အောက်တိုဘာ ၂၀**

နိုင်ငံတော်အစိုးရနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ ဆင်းရဲမှုလျော့ချနိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ခဲ့ပြီး စတင်အကောင်အထည်ဖော်ချိန်မှစ၍ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဆင်ပြေစွာ လုပ်ကိုင်ဆောင်ရွက်နိုင်သောကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်အတွင်း ပျိုးကန်၊ ကန်စွယ်၊ တည်ပင်၊ တောင်ပုံ၊ ညောင်ဝန်းကျေးရွာများကို မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာများအဖြစ် သတ်မှတ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဖွံ့ဖြိုးတိုးတက်နေကြောင်း သိရသည်။

ထိုကဲ့သို့ ဖွံ့ဖြိုးတိုးတက်နေမှုများကို ဆုံးရှုံးမသွားစေရန် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးများဖြစ်သော ဦးလှနှင့် ဒေါ်ဆွေဇင်ဦးတို့သည် အောက်တိုဘာ ၁၈ ရက်က မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာများသို့ သွားရောက်ပြီး ကျေးရွာကော်မတီဝင်များ၊ ဘဏ္ဍာရေးစာရင်းကိုင်များနှင့်အတူ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေစာရင်းဇယားများကို ပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

MCC Training Institute
DOUBLE DIPLOMA AND DEGREE (TWO IN ONE PROGRAM)
ကွန်ပျူတာ ဒီပလိုမာနှစ်ခု (သီအိုရီ နှင့် လက်တွေ့ကျွမ်းကျင်မှု) တစ်ပြိုင်တည်းရရှိပြီး ကွန်ပျူတာဘွဲ့ကိုပါ တက်ရောက်နိုင်မည့်အထူးအစီအစဉ်
B.Sc (Hons;) Business IT
University of Greenwich (UK)
Level 5
Diploma in Computing
NCC education
+
BTEC Approved Centre Level 5
Higher National Diploma
(HND)
Level 4
Diploma in Computing
NCC education
+
BTEC Approved Centre Level 4
Higher National Certificate
(HNC)
( ACADEMIC)
( VOCATIONAL SKILL)
ကမ္ဘာ့တန်းဝင် IT Professional တစ်ယောက်ဖြစ်စေရန် သီအိုရီရော လက်တွေ့ကျွမ်းကျင်မှုပါ နှစ်ခုစလုံး လိုအပ်ပါသည်။
Hot Line - 246634, 2304156 | October Intake စာရင်းသွင်းအပ်နှံနိုင်ပါပြီ။

ကား မျိုးစုံ
(Alphard/Hiace ၇၊၉၊၁၃ယောက်စီး/ Saloon/ ၂၅၊၃၃၊၄၅ယောက်စီး)များကိုခရီးစဉ်အမျိုးမျိုးအတွက်ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်သည်။
Ph:09-5418126

ယမင်းသူ
မြို့တွင်း၊ မြို့ပြင်၊ နယ်ခရီးမျိုးစုံ နှင့် လချုပ်ငှားရန် ကားမျိုးစုံ ရှိပါသည်။
709255,0951 36421

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း
09 250644566
09 255781353
09 254046497

# လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်ခွဲ အသစ်ဖွင့်၍ အခွန်ရှောင်ယာဉ်များထံမှ အခွန်များ ကောက်ခံ

**ရန်ကုန်၊ အောက်တိုဘာ ၂၀**

အခွန်ရှောင် ကုန်တင်ယာဉ်များထံမှ ရသင့်ရထိုက်သော အခွန်များရရှိစေရေးနှင့် အများပြည်သူ အသုံးပြုနေသော ယာဉ်သွားလမ်းအား အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် ပြုပြင်နိုင်ရေးအတွက် ရွှေပြည်သာမြို့နယ် အမှတ်(၉) ရပ်ကွက် မဟာမြိုင်လမ်းတွင် လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်ခွဲအသစ်ကို ဖွင့်လှစ်ပြီး အောက်တိုဘာ ၁၅ ရက် မှ စတင်ပြီး သတ်မှတ်ခွန်များ ကောက်ခံလျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုသို့ လမ်းအသုံးပြုခကောက်ခံရာတွင် ခရီးသည်ယာဉ်၊ အိမ်စီးယာဉ်နှင့် ကုန်မပါယာဉ်များကို ကောက်ခံ မှုမရှိကြောင်း၊ (ကုန်+ယာဉ်) ထော်လာဂျီ ကျပ် ၂၀၀၊ နှစ်တန်အောက်ယာဉ် ကျပ် ၂၀၀၊ နှစ်တန်မှ သုံးတန်အထိ ကျပ် ၃၀၀၊ သုံးတန်မှ ငါးတန်အထိ ကျပ် ၄၀၀၊ ငါးတန်မှ ရှစ်တန်အထိ ကျပ် ၁၀၀၀၊ ရှစ်တန်မှ ၁၀ တန်အထိ ကျပ် ၂၀၀၀၊ ၁၀ တန်အထက် ကျပ် ၄၀၀၀၊ ပေ ၄၀ ကွန်တိန်နာယာဉ် ကျပ် ၅၀၀၀ နှုန်းတို့ကို ပေးဆောင်ရမည်ဖြစ်သည်။ တိမ်းရှောင်ထွက်ပြေးယာဉ်များအနေဖြင့် စစ်ဆေးတွေ့ရှိပါက သတ်မှတ်ကြေး ၁၀ ဆ ဖြင့် ဥပဒေအရ ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်းသိရသည်။

၎င်းလမ်းသည် လူနေရပ်ကွက်ကြားထဲတွင်ရှိသော ယာဉ်သွားလမ်းဖြစ်သည့်အတွက် အုတ်၊ သဲ၊ ကျောက်၊ မြေကြီးတင်ကားများ အခြားကုန်ပိုတင်ကားများ သွားလာမောင်းနှင်ရာတွင် ဖိတ်စင်ကျမှုမရှိအောင် လုံခြုံစွာဆောင်ရွက်ပြီးမှ လမ်းအသုံးပြုရန်လည်း သတိပေးကြေညာထားကြောင်း သိရသည်။

ရွှေပြည်သာမြို့နယ်မှာအခွန်ဌာနက လှော်ကားနဲ့ ဝါးတစ်ရာတို့မှာ အခွန်ဌာနဂိတ်တွေဖွင့်ထားပါတယ်။ သတ်မှတ်ထားသလောက် အခွန်သိပ်မရဘူးဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ စီးပွားရေးလုပ်နေတဲ့ ကုန်တင်ယာဉ်ဟာ အခွန်မဆောင်ချင်တော့ လူနေရပ်ကွက်ကြားထဲက ယာဉ်သွားလမ်းတွေကပဲ ဝင်ထွက် မောင်းနှင်မှုတွေ လုပ်နေကြတော့ ကျွန်တော်တို့ဘက်က အခွန်ဆုံးရှုံးတယ်။ အများပြည်သူဘက်က ကျတော့ လမ်းတွေပျက်မယ်။ သွားလာရတာ အခက်အခဲရှိမယ်။ အန္တရာယ်နဲ့ ရင်ဆိုင်ကြုံတွေ့နိုင်ပါတယ်။ အခုဖွင့် လိုက်တဲ့ မဟာမြိုင်လမ်း ဂိတ်ဟာလည်း စည်ပင်အပိုင်လမ်းပါပဲ။ ကျွန်တော်တို့ဘက်က



အခွန်လည်းကောက်မယ်။ အများပြည်သူသွားလာမှုအဆင်ပြေအောင်လည်း လိုအပ်ရင်လိုအပ်သလို လမ်းပိုင်းဆိုင်ရာကို အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက်ပေးသွားမှာပါ” ဟု အခွန်ဌာနခွဲမှူး ဦးမြင့်သိန်းက ပြောသည်။

**မြင့်သန်းကြည် (ရွှေပြည်သာ)**

## ပတ္တမြားသပြေပင်များ အောင်မြင်ဖြစ်ထွန်း

**တပ်ကုန်း၊ အောက်တိုဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက် နယ်မြေ ၁၁ ၊၁၂ ၊ ၁၃ (ပိန်းတော)ရှိ တောင်သူဦးကြီးများသည် ပတ္တမြားသပြေပင်များ အညွန့်သုံးလေးညွှန့်ပါ တစ်စီးလျှင် ၅၀ ကျပ်နှုန်းဖြင့် နေ့စဉ် ပန်းသည်များကို ဖောက်သည်ပေးခြင်း၊ တပ်ကုန်းမြို့မဈေး၌ ရောင်းချခြင်းတို့ဖြင့် တစ်လ ကျပ်ခြောက်သောင်းကျော်ရရှိကာ မိသားစု ပုံမှန်ဝင်ငွေ ရရှိပါသည်ဟု ပတ္တမြားသပြေစိုက် တောင်သူတစ်ဦးက ပြောသည်။

နေပြည်တော် ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက်နယ်မြေ ၁၁၊၁၂၊ ၁၃ (ပိန်းတော) ရှိတောင်သူဦးကြီးများသည် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာ၊ ငရုတ်၊ ခရမ်း စသည်သီးနှံများအပြင် နှစ်ရှည်ပင် သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးခြင်းလုပ်ငန်းများ တွဲဖက်လုပ်ကိုင် ရောင်းချခြင်းများဖြင့် အများစုမှာ အသက်မွေးကြကြောင်း သိရသည်။

အဆိုပါ သစ်ပင်၊ ပန်းပင်များမှာ ပတ္တမြားသပြေ၊ ကျောက်စိမ်းသပြေ၊ အာဆီယံသပြေ၊ နှင်းဆီ၊ စံပယ်၊ ငှက်ပျော စသောနှစ်ရှည်ပင်များကို တွင်ကျယ်စွာ စိုက်ပျိုးလာကြသည်။

ပတ္တမြားသပြေပင်များကို စိုက်ပျိုး၍ ခြောက်လကျော်တွင်စတင်ခူးနိုင်ပြီး ဈေးကွက်ပေါ်ရောင်းချနိုင်ကာ အပင်သက်တမ်း ၁၅ နှစ်ကျော်ထားရှိနိုင်ကြောင်းသိရသည်။

**(တင်စိုးလွင်)**

## ဆည်မြောင်းဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးလုပ်

**ဖြူး၊ အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးအရှေ့၊ ဖြူးချောင်းရေလှောင်တမံ စီမံကိန်းဆည်မြောင်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးဦးညွန့်ငွေး ဦးဆောင်သော ဆည်မြောင်းဝန်ထမ်းများ စုပေါင်း၍ ဖြူးမြို့နယ် ကုတင် ၁၀၀ ပြည်သူ့ဆေးရုံပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးလုပ်အားဒါနပြုပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ လုပ်အားဒါနဆောင်ရွက်ကြရာတွင် ဝန်ထမ်းစုစုပေါင်းအင်အား ၁၁၀ ဦးတို့က ကုတင် ၁၀၀ဆေးရုံဝင်းအတွင်းရှိ သစ်ပင်၊ ပေါင်းပင်၊ ချုံနွယ်များ၊ အမှိုက်သရိုက်၊ မြက်များ ရှင်းလင်းခြင်းနှင့်ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းများကို စုပေါင်း၍ တစ်ပျော်တစ်ပါး လုပ်အားဒါနပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

# မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ ထောက်ပံ့ပစ္စည်းများ လှူဒါန်း

**ပဲခူး၊ အောက်တိုဘာ ၂၀**

အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက ပဲခူးမြို့နယ်၊ အိုးဘိုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ အိုးဘိုကျေးရွာအတွင်းရှိ အသက် ၇၅ နှစ်အထက် ဘိုးဘွားများ၊ ဆင်းရဲနွမ်းပါးသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကျင်းပခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသော်၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်မြဝင်းနှင့် ကော်မတီဝင်များ၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်း၊ ပဲခူးတိုင်းတာဝန်ခံ ဒေါ်သီတာတင်ထွဋ်နှင့် ကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသော်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ယင်းနောက်တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်မြဝင်းမှ အသင်း၏ လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားကာ စည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် အသက် ၇၅ နှစ်အထက် ဘိုးဘွားသက်ကြီးရွယ်အို ၂၀ ဦးအား အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသော်မှလည်းကောင်း၊ ဆင်းရဲနွမ်းပါးသူ ၄၅ ဦးအား စည်ပင်သာယာရေးဝန်ကြီးဦးရဲမြင့်ထွန်းမှလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင် ၁၁ ဦးအား အသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်မြဝင်းမှ လည်းကောင်း ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ် ၂၅ ဒါဇင်နှင့် ခဲတံများကို ပဲခူးတိုင်းဒေသကြီး အသင်းတာဝန်ခံ ဒေါ်သီတာတင်ထွဋ်မှလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် အလှူငွေကျပ်ငါးသိန်းနှင့် ဆရာ၊ ဆရာမများအတွက် လက်ဆောင်ပစ္စည်းများကို အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသော် မိသားစုမှ လှူဒါန်းသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌဝန်ကြီးနှင့် အဖွဲ့တို့သည် အိုးဘိုကျေးရွာ ဥတ္တရာရုံကျောင်းတိုက်သို့ သွားရောက်၍ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥက္ကံသအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

နိုင်ငံတကာတက္ကသိုလ်ပေါင်း(၅၀)ကျော်မှ ဘာသာရပ်ပေါင်း (၁၂၀)ကျော်၏ပညာရေးသတင်းအချက်အလက်များရယူနိုင်မည့်
“GLOBAL EDUCATION EXHIBITION 2014”
CROWN EDUCATION Yangon Myanmar



- အင်္ဂလန်-အမေရိကန်-ဩစတြေးလျ-နယူးဇီလန်-စင်ကာပူ- ဗန်ကောက်-ဆွစ်ဇာလန်တို့မှတက္ကသိုလ်ပေါင်း(၅၀)ကျော်ပါဝင်ပြသပါမည်။
- စာသင်(၆)လ၊ အလုပ်သင်(၆)လ တက်ရောက်နိုင်သော ဟိုတယ်ခရီးဆိုင်ရာကျောင်းများ
- GCE A Level/SAT/GMAT/GRE ရမှတ်များ တင်ပြရန်မလိုဘဲ လျှောက်ထားနိုင်သော တက္ကသိုလ်များ
- M.B.B.S ဘွဲ့ရများအတွက် ဘွဲ့လွန်ဆေးပညာဘာသာရပ်များ
- ပြည်တွင်း M.B.B.S ဘွဲ့အမှတ် မမီသူများအတွက် နိုင်ငံတကာ M.B.B.S တိုက်ရိုက်ကျောင်းများ
- Civil Engineering / Architecture ကျောင်းများ
- ဘွဲ့တစ်ခုခုရရှိထားသူများအတွက် အထူးပြုဘာသာရပ်များ စိတ်ကြိုက်ရွေးချယ်နိုင်ပြီး ပညာသင်ထောက်ပံ့ကြေး လျှောက်ထားနိုင်မည့် MBA
- ဆယ်တန်းအောင်နှင့် IGCSE အောင် ကျောင်းသားကျောင်းသူများအတွက် နှစ်သက်ရာဘာသာရပ်အစုံအလင် ရွေးချယ်နိုင်သည့် Diploma နှင့် Foundation Program များ

ပွဲလာရောက်သူတိုင်း
နိုင်ငံတကာပညာရေး လမ်းညွှန် ၂၀၁၅
စာအုပ်အခမဲ့ပေးသွားပါမည်

YANGON
Date : 24 Oct 2014
Time : 10:00 am - 1:00 pm
Venue : Summit Parkview Hotel (Ballroom)

MANDALAY
Date : 26 Oct 2014
Time : 2:00 pm - 5:00 pm
Venue : Hotel Mandalay (Ballroom)

ပြပွဲအတွင်းကျောင်းအပ်နှံသူများ နိုင်ငံတကာတွင် အသုံးပြုနိုင်သော Myanma Apex Bank Visa Card အခမဲ့ပြုလုပ်ပေးသွားပါမည် Tel : 01 527 838 / 09 732 732 77

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ကာလလတ် ဘဏ္ဍာရေးမူဘောင်ကို ပဏာမရေးဆွဲထားပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြနိုင်ရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော်　အောက်တိုဘာ　၂၀**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လွှတ်တော်သို့ ရှင်းလင်းတင်သွင်းရာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃ ပုဒ်မခွဲ(င) တွင် ပြည်ထောင်စုလွှတ်တော်က သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ လျာထားရသော ရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများအပြင် နောက်ထပ်ရငွေများ လျာထားရန်နှင့် သုံးငွေများ ခွင့်ပြုရန်လိုအပ်သည့်အခါ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို အထက်ပါ နည်းလမ်းများအတိုင်း ပြဋ္ဌာန်းဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေ ဆိုသည်မှာ အသုံးစရိတ်တစ်ရပ်အတွက် မူလခွဲဝေချထားငွေ မလုံလောက်ခြင်းကြောင့်လည်းကောင်း၊ အခြားငွေစာရင်း ခေါင်းစဉ်တစ်ခုခုမှ လွှဲပြောင်းသုံးစွဲရန် ပိုလျှံငွေ လုံးဝမရှိခြင်းကြောင့်လည်းကောင်း၊ သို့တည်းမဟုတ် မူလခွဲဝေလျာထားချက်တွင် ပါဝင်မှုမရှိခြင်းကြောင့်လည်းကောင်း ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေသုံးစွဲရမည့် ကိစ္စရပ်အတွက် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် ထပ်မံသတ်မှတ်ပေးသည့် ခွင့်ပြုငွေဖြစ်ပါကြောင်း။

ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများမှ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုမှာ ကျပ် ၂၀၃၁ ဒသမ ၆၄၇ ဘီလီယံဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများမှ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုမှာ ကျပ် ၂၀၂ ဒသမ ၈၁၇ ဘီလီယံဖြစ်ပါကြောင်း။

နိုင်ငံတော်၏လိုငွေမှာ မူလခန့်မှန်းခြေတွင် ကျပ် ၂၇၅၃ ဒသမ ၀၀၉ ဘီလီယံဖြစ်ပြီး ယခုစာရင်းအရ လိုငွေမှာ ကျပ် ၂၅၈၁ ဒသမ ၇၀၂ ဘီလီယံဖြစ်ပြီး ကျပ် ၁၇၁ ဒသမ ၃၀၇ ဘီလီယံလျော့နည်းပါကြောင်း၊ လိုငွေနှင့် ဂျီဒီပီအချိုးမှာလည်း မူလက ၄ ဒသမ ၁၆ ရာခိုင်နှုန်းဖြစ်သော်လည်း **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကျင်းပစဉ်။ (သတင်းစဉ်)



## ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဝယ်ယူထားသော အမြန်ရေယာဉ်များ ရေချပွဲနှင့် ပေါက်တောမြို့ သင်္ဘောဆိပ်ခံတံတား ဖွင့်လှစ်

**စစ်တွေ　အောက်တိုဘာ　၂၀**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်ဝယ်ယူထားသော အမြန်ရေယာဉ် နှစ်စင်းနှင့် ကင်းလှည့်ရေယာဉ်တစ်စင်းတို့အား ရေချပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ ရက်က စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးအနီး ဆိပ်ခံတံတား၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက အမှာစကားပြောကြားပြီး အမြန်ရေယာဉ်များ ရေချပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အဆိုပါရေယာဉ်များအား သဘာဝဘေးအန္တရာယ်ကျရောက်စဉ်နှင့် ဘေးအန္တရာယ်ကျရောက်မှုတွင် ရှာဖွေကယ်ဆယ်ခြင်း၊ ထောက်ပံ့ခြင်းလုပ်ငန်းများကို အချိန်တိုအတွင်းထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် ရေယာဉ်များကို ဝယ်ယူခြင်းဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၄ သို့** ❖

## ယနေ့ မာတိကာ

ရန်ကုန်မြို့တော်စည်ပင် ရွေးကောက်ပွဲ ကျင်းပမည် — စာမျက်နှာ - ၆

မိခင်နှင့် မွေးကင်းစ ကလေးများ ကျန်းမာရေး စောင့်ရှောက်ရန် ကမ္ဘာ့ဘဏ်က ဒေါ်လာ သန်း ၁၀၀ ကူညီမည် — စာမျက်နှာ - ၁၀

## ဆူဇူကီးဖလားခြေစစ်ပွဲ မြန်မာအသင်း အုပ်စုပထမရရှိ ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်အသင်းတို့နှင့် ကစားရမည်

**ဗီယန်ကျင်း　အောက်တိုဘာ　၂၀**

အာဆီယံဆူဇူကီးဖလားခြေစစ်ပွဲ စတုတ္ထနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ကျင်းပရာ မြန်မာအသင်းက လာအိုအသင်းကို **စာမျက်နှာ ၉ ကော်လံ ၃ သို့** ○

## မြန်မာ ယူ-၁၉အသင်း အချိန်ပိုဂိုးဖြင့် ဗိုလ်လုပွဲနှင့်လွဲချော် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရရှိ

**ရန်ကုန်　အောက်တိုဘာ　၂၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှယူ-၁၉ ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်ကို ယနေ့ညပိုင်းက ရန်ကုန်မြို့ရှိ **စာမျက်နှာ ၉ ကော်လံ ၄ သို့** ●

ဆေးဝါးလှူဒါန်းခြင်းသည် အနာရောဂါကင်းဝေးပြီး သက်ရှည်ကျန်းမာခြင်းကို ပြည့်စုံစေမည့် ကုသိုလ်ထူးကို ရရှိစေပါသည်။

ထွန်းရွှေဝါဆေးမျိုးစုံဘူး

တိုင်းရင်းဆေး (၁၈) မျိုးပါဝင်သည်။

ဝါကျွတ်၊ ကထိန်ပွဲတော်များနှင့် လှူဒါန်းမှုပြုသည့်အချိန်တိုင်း "ထွန်းရွှေဝါဆေးမျိုးစုံဘူး" ကို လှူဒါန်းခြင်းဖြင့် မွန်မြတ်သောကုသိုလ်ထူးကို ရယူနိုင်ကြပါစေ။



ဆက်သွယ်ရန် - ရန်ကုန် ဖုန်း - ၀၉ ၅၀၆၂၇၇၆၊ ၀၉ ၇၃၁၁၉၆၇၇၊ မန္တလေး - ၀၂ ၆၄၉၄၀၊ ၀၉ ၉၁၀၂၄၇၂၆



ဒီပါဝလီ အခါသမယတွင် မိတ်ဆွေများနှင့် ပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းဝမ်းမြောက်ကြပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

Happy Deepawali

Wish a happy New Year for all

• Double Link • Linc Stationery • Like Link Co., Ltd.

Tel : 01-380167, 380178, 387494, 382272, 241907

themirror.npt@gmail.com
www.facebook.com/themirrordaily

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
## သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရ။ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၆-၁၀-၂၀၁၄ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၇-၁၁-၂၀၁၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၂-၁၁-၂၀၁၄ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၁၇-၁၂-၂၀၁၄ ရက်နေ့မှ ၁၈-၁၂-၂၀၁၄ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၉-၁-၂၀၁၅ ရက်နေ့မှ ၁၆-၁-၂၀၁၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၈၅၀၀၀ိ/-)၊ဒုတိယနှစ်(၈၆၀၀၀ိ/-)၊တတိယနှစ်(၈၇၀၀၀ိ/-)၊ စတုတ္ထနှစ်(၈၈၀၀၀ိ/-)ရရှိမည်။[၎င်းအပြင် နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။]

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ **B.N.Sc(Bachelor of Nursing Science)**

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ **B.Pharm(Bachelor of Pharmacy)**

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) **B.Med.Tech (Medical Laboratory Technology)**

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) **B.Med.Tech (Physiotherapy)**

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) **B.Med.Tech (Medical ImagingTechnology)**

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(**Nurse**)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ **(Master of Science)** နှင့် ပါရဂူဘွဲ့ **(Ph.D )** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု /ဆေးဘက်ကျွမ်းကျင်သူ (ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ် ( သူနာပြု /ဆေးဘက်ကျွမ်းကျင်သူ ) အဖြစ် စတင်ခန့်အပ်ပေးမည်။ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံခြင်း မခံရသည့် သူနာပြု/ဆေးဘက်ကျွမ်းကျင်သူများသည် တပ်မတော်မှ နုတ်ထွက်ရမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်

# သူနာပြုသိပ္ပံဘွဲ့သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၆-၁၀-၂၀၁၄ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၇-၁၁-၂၀၁၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၆-၁၂-၂၀၁၄ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၉-၁၂-၂၀၁၄ ရက်နေ့မှ ၃၀-၁၂-၂၀၁၄ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁-၂၀၁၅ ရက်နေ့မှ ၂၃-၁-၂၀၁၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ရွေးချယ်ခံရသူများသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တွင် (၄)နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက **သူနာပြုသိပ္ပံဘွဲ့ (Bachelor of Nursing Science)** ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၈၅၀၀၀ိ/-)၊ဒုတိယနှစ်(၈၆၀၀၀ိ/-)၊တတိယနှစ်(၈၇၀၀၀ိ/-)၊ စတုတ္ထနှစ်(၈၈၀၀၀ိ/-)ရရှိမည်။[၎င်းအပြင် နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။]

၆။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက **သူနာပြုမဟာသိပ္ပံဘွဲ့ (Master of Nursing Science)** နှင့် ပါရဂူဘွဲ့ **(Ph.D Nursing)** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၇။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)အမှုထမ်းသက် (၁)နှစ်၊အထက်တန်းသူနာပြု အမှုထမ်းသက် (၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ် (သူနာပြု)** အဖြစ် စတင်ခန့်အပ်ပေးမည်။ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံခြင်း မခံရသည့် သူနာပြုများသည် တပ်မတော်မှ နုတ်ထွက်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

